# ဟောရှေ အနာဂတ္တိကျမ်းလာ ပရောဖက် ဉာဏ်ပညာ

သင်ခန်းစာ တစ်

ဟောရှေ အနာဂတ္တိကျမ်း မိတ်ဆက်

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 *Live Oaks Blvd., Casselberry, Florida* 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် *Good News Publishers* ၏ အမှုတော်တစ်ခုဖြစ်သော *Crossway* ၏ 2001 ခုနှစ် ထုတ် *ESV (English Standard Bible)* သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။  ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။  ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း *501 C (3)* အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ *www.thirdmill.org* သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

နောက်ခံသမိုင်း ........ 2

**ပရောဖက်** ........ 2

အမှုဆောင်သည့် အချိန်ကာလ ........ 3

တည်နေရာ ........ 4

အခြေအနေများ ........ 6

ရည်ရွယ်ချက် ........ 12

**ကျမ်းစာစောင်** ........ 13

အမှုဆောင်သည့် အချိန်ကာလ ........ 14

တည်နေရာ ........ 17

အခြေအနေများ ........ 17

ရည်ရွယ်ချက် ........ 20

ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံ ........ 22

**တရားစီရင်မှုနှင့် မျှော်လင့်ချက် (၁း၂-၃း၅)** ........ 24

အစောပိုင်းကာလ မိသားစု ဘဝ အတွေ့အကြုံများ (၁း၂-၂း၁) ........ 26

ဘုရားသခင် ၏ တရားစွဲဆိုမှု (၂း၂-၂၃) ........ 27

နောက်ပိုင်းကာလ မိသားစု ဘဝ အတွေ့အကြုံများ (၃း၁-၅) ........ 29

**တရားစီရင်ချက်ကို ဖွင့်ပြခြင်း (၄း၁-၉း၉)** ........ 31

ဘုရားသခင့် တရားတွေ့မှုများ (၄း၁-၅း၇) ........ 31

နှိုးဆော်မှုအတွက် ဘုရားသခင့် တိုက်တွန်းချက်များ (၅း၈-၉း၉) ........ 34

**မျှော်လင့်ခြင်းကို ဖွင့်ပြခြင်း (၉း၁၀-၁၄း၈)** ........ 38

အသီး (၉း၁၀-၁၂) ........ 39

စိုက်ပျိုးသော အပင် (၉း၁၃-၁၇) ........ 41

အသီးများစွာ သီးသော စပျစ်ပင် (၁၀း၁-၁၀) ........ 41

ယဉ်သော နွားမပျို (၁၀း၁၁-၁၅) ........ 42

ချစ်ခင်စုံမက်သော သား (၁၁း၁-၁၄း၈) ........ 43

နိဂုံး ........ 45





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

အလိမ္မာနှင့် ပြည့်စုံသော အကြံဉာဏ်ကို နားမထောင် ငြင်းဆန်သူ တစ်ဦးဦးအကြောင်း သင်ကြားဖူးပါသလား။ သူတို့သည် သူတစ်ပါး ဘာပြောပြော မိုက်မိုက်မဲမဲ ဘူးခံသည့်နောက် ထပ်တလဲလဲ ထိမိလဲခြင်း အကျိုးဆက်ကို ခံကြရသည်။ ဤအရာသည် ပရောဖက် ဟောရှေ အမှုဆောင်သည့်အချိန်ကာလ အတွင်း ဖြစ်ခဲ့သမျှနှင့် များစွာ အလားတူသည်။ ဆယ်စုနှစ်များစွာ ကြာသည့်တိုင် သူ့လူတို့အား ဘုရားနှုတ်ကပတ်တော်ကို ဟောရှေ ဆင့်ဆိုခဲ့သည်။ ဘ၀ခရီးတစ်လျှောက် ခြေလှမ်းတိုင်း၌ သူ့ ပရောဖက်ပြုချက်များ မှန်ကန်ပြည့်စုံလာခဲ့သော်လည်း ဘုရားသခင့်လူတို့သည် သူ့စကားကို နားမထောင် ငြင်းဆန်ခဲ့သဖြင့် အကြိမ်ကြိမ် ဆင်းရဲဒုက္ခကြုံခဲ့ရသည်။ သို့တိုင် ဟောရှေ အရှုံးမပေးခဲ့ပါ။ ယနေ့ ကျွန်ုပ်တို့က ဟောရှေ အနာဂတ္တိကျမ်းဟု ခေါ်ဆိုကြသည့် သူ့ ပရောဖက်ပြုချက် ပေါင်းချုပ်တစ်ခုကို ဖန်တီးရန် သူ့ဘ၀ ကုန်ဆုံးသည့်တိုင် သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အား လမ်းပြခဲ့သည်။ ဘုရားသခင့်လူတို့အား သူတို့ကာလ ကြုံရသည့် စိမ်ခေါ်မှုများအတွက် ဉာဏ်ပညာပေးရန် သူ့စာစောင်ကို သူ ဒီဇိုင်းချခဲ့သည်။ ထိုမျှမက ဘုရားသခင် မှုတ်သွင်းသော စာစောင်အနေဖြင့် ဟောရှေ အနာဂတ္တိကျမ်းသည် ကျွန်ုပ်တို့ ကာလ အပါအဝင် ခေတ်ကာလတိုင်းရှိ ဘုရားသခင့်လူတို့အား ဉာဏ်ပညာကို အပ်နှင်းပေးသည်။

ဤသင်ခန်းစာသည် ကျွန်ုပ်တို့၏ *ဟောရှေ အနာဂတ္တိကျမ်းလာ ပရောဖက်ဉာဏ်ပညာ* သင်ခန်းစာ စာစဉ်ထဲမှ ပထမဆုံး သင်ခန်းစာဖြစ်ပြီး "ဟောရှေ အနာဂတ္တိကျမ်း မိတ်ဆက်" ဟု ခေါင်းစဉ်ပေးထားသည်။ ဤသင်ခန်းစာထဲတွင် ဟောရှေ၏ အမှုတော်နှင့် စပ်လျဉ်းသော နိဒါန်းချီ အကြောင်းအရာများစွာနှင့်တကွ ယနေ့ ဟောရှေ အမည်ခံယူထားသည့် စာစောင်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြမည် ဖြစ်သည်။

ကျွန်ုပ်တို့၏ ဟောရှေ အနာဂတ္တိကျမ်း မိတ်ဆက်အား အဓိက အပိုင်းနှစ်ပိုင်း ခွဲပါမည်။ ပထမအားဖြင့် ပရောဖက် ဟောရှေ နှင့် သူ့စာစောင်တို့ ၏ နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ထို့နောက် စာစောင် ၏ အခြေခံ ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံ အကျဉ်းချုပ် ဖော်ပြချက်တို့ဖြင့် ကျွန်ုပ်တို့ နိဒါန်းချီပါမည်။ ဟောရှေကျမ်း ၏ နောက်ခံသမိုင်း ဆိုင်ရာ ရှုထောင့်အမြင် အချို့ကို လေ့လာဖော်ထုတ်မှုနှင့် ကျွန်ုပ်တို့ စတင်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နောက်ခံသမိုင်း

ဟောရှေ၏ ပရောဖက်ပြုချက်များအား ဝိညာဉ်တော် မှုတ်သွင်းထားသဖြင့် ၎င်းတို့သည် သမိုင်းတစ်လျှောက်ရှိခဲ့သည့် ဘုရားသခင် လူတို့အပေါ် အကြွင်းမဲ့ အခွင့်အာဏာ ရှိသည်။ သို့သော် သူ့ပရောဖက်ပြုချက်တို့သည် ပထမအားဖြင့် ရှေး ဣသရေလတို့ အပါအဝင် ၎င်းတို့ ရင်ဆိုင်ရသော အခြေအနေများကို ဦးတည်ဆွေးနွေးခဲ့သည်။ ဤသင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ရမှာ ဖြစ်သလို ဟောရှေ၏ အမှုဆောင်ကာလသည် ဆယ်စုနှစ်များစွာ ကြာညောင်းခဲ့သည်။ ထို့ကြောင့် ဟောရှေ တိုးတက်တင်ပြလာသော နောက်ခံအခြေအနေများကို ကျွန်ုပ်တို့ နားလည်လေလေ၊ သူ့ ပရောဖက်ပြုချက်တို့ကို ကျွန်ုပ်တို့ ဆုပ်မိလေလေဖြစ်ကာ ယနေ့ ကျွန်ုပ်တို့ ခေတ်အတွက်လည်း လက်တွေ့ အသုံးချနိုင်လေလေ ဖြစ်သည်။

အဆိုပါ ကိစ္စရပ်တို့ကို ကျွန်ုပ်တို့ မလေ့လာမီ ကမ္ဘာလောက နှစ်ခု ဟု ဆိုရမည့် အချင်းချင်း ဆက်နွယ်နေသည့် သမိုင်းနောက်ခံနှစ်ခုကို ခွဲခြားသိဖို့ လိုပါသည်။ ကျွန်ုပ်တို့က "ထို လောကကမ္ဘာ" ဟု ခေါ်ဆိုသော ပထမ သမိုင်းနောက်ခံသည် ဘုရားသခင့် ထံတော်မှ ဗျာဒိတ်ဖွင့်ပြချက်များကို ဟောရှေ လက်ခံရရှိ၊ ဆင့်ဆိုဟောပြောခဲ့ရာ နှစ်ဆယ်စုများစွာ ရှည်ကြာသော ပရောဖက်ပြု သာသနာ ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့က "သူတို့၏ လောကကမ္ဘာ" ဟု ခေါ်ဆိုကြသည့် ဒုတိယ သမိုင်းနောက်ခံမှာမူ ဟောရှေ ဘဝ နောက်ပိုင်းကာလတွင် ဖြစ်ပျက်ခဲ့သည်။ သူ့စာစောင်ကို မူလပထမ လက်ခံရရှိသူများ၏ အသက်တာအပေါ် ရိုက်ခတ်မှု ရှိစေရန် ဟောရှေသည် ဤ ဒုတိယ သမိုင်းနောက်ခံထဲ၌ အချို့သော ပရောဖက်ပြုချက်တို့ကို ရွေးချယ် ရေးချခဲ့သည်။

ဤ နှစ်ထပ်ကွမ်း သမိုင်းနောက်ခံကို အဆင့် နှစ်ဆင့်ခွဲပြီး ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမအားဖြင့် "ဤလောကကမ္ဘာ" သို့မဟုတ် ဟောရှေ အမှုတော် ၏ အငန်းအတာ အစအဆုံးကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ထို့နောက် ဒုတိယအားဖြင့် "သူတို့၏ လောကကမ္ဘာ" သို့မဟုတ် ဟောရှေ အနာဂတ္တိ စာစောင်ကို ရေးသားရာ နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပရောဖက် ဟောရှေ ၏ အမှုတော်နှင့် အစပြုကြပါစို့။

## ပရောဖက်

ဟောရှေ ပရောဖက်ပြု အမှုဆောင်ချိန်လောက်တွင် တိုင်းနိုင်ငံများစွာတို့သည် ဘုရားသခင့် လူတို့၏ သမိုင်း၌ အရေးပါသော ကဏ္ဍများမှ ပါဝင်ခဲ့ကြသည်။ ဒါဝိဒ်နှင့် ရှောလမုန်တို့ ၏ ပေါင်းစည်းညီညွတ်သော နိုင်ငံတော်သည် ဘီစီ ၉၃၀ တွင် နှစ်ခြမ်းကွဲသွားခဲ့သည်။ မြောက်ပိုင်း ဣသရေလ နိုင်ငံနှင့် တောင်ပိုင်း ယုဒ နိုင်ငံတို့ ဖြစ်ကြသည်။ အဆိုပါ နိုင်ငံနှစ်ခုလုံးသည် ဟောရှေ ၏ ပရောဖက် သာသနာအတွင်း အထင်အရှား ပါဝင်လျက် ရှိနေသည်။ ထိုအချိန်က ဘုရားသခင့် လူတို့သည်လည်း ရှုရိ နှင့် အဲဂုတ္တုတို့လို နိုင်ငံများနှင့် အပြန်အလှန် ကူးလူးဆက်သွယ်မှု ရှိခဲ့ကြသည်။ သို့သော် အားလုံးထဲတွင် ဟောရှေသည် သူ့အမှုတော်အား အာရှုရိ အင်ပါယာ ပါဝင်ပတ်သက်သော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဖြစ်အပျက်များ အပေါ် စူးစိုက်ထားခဲ့သည်။ ဟောရှေတို့ ကာလ၌ အာရှုရိသည် တန်ခိုးကြီးသော အင်ပါယာ ဖြစ်လာခဲ့ပြီး ၎င်း ၏ ဩဇာသည်လည်း ဣသရေလ နှင့် ယုဒပြည်အပါအဝင် အရပ်ရပ်သို့ တိုးချဲ့ ရောက်ရှိသွားခဲ့သည်။ ကျွန်ုပ်တို့ တွေ့ကြရမှာ ဖြစ်သလို ဟောရှေ ၏ အမှုတော်သည် ယုဒပြည်မှ ဣသရေလတို့ ခွဲထွက်ပြီးနောက် နှစ်ပေါင်း နှစ်ရာနီးပါး အကြာတွင် မြောက်ပိုင်း ဣသရေလ နိုင်ငံ၌ အစပြုခဲ့သည်။

ဘုရားသခင်အပေါ် သစ္စာစောင့်သိလိုသူ မည်သူမဆိုအတွက် ဤခေတ်ကာလ အတွင်း မြောက်ပိုင်း ဣသရေလ၌ နေထိုင်ရန်မှာ ခက်ခဲခဲ့သည်။ ဤလို ကိစ္စမျိုးသည် ကိုယ်တော့် ပရောဖက်အဖြစ် ဘုရားသခင် ခေါ်ယူထားခဲ့ပြီးဖြစ်သည့် ဟောရှေလို လူမျိုးအတွက် အထူးသဖြင့် မှန်ကန်ခဲ့သည်။ ဣသရေလခေါင်းဆောင်တို့သည် ထာဝရ ဘုရားသခင့်အထံတော်မှ သူတို့၏ နိုင်ငံတော်ကို မည်သို့ လွှဲသွား၍ အခြားသော မဟာမိတ် နိုင်ငံများနှင့် သူတို့၏ ဘုရားများအပေါ် ကိုးစားသွားခဲ့ကြကြောင်း ဟောရှေ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သည်။ ဣသရေလ ယဇ်ပုရောဟိတ်တို့သည် ရုပ်တုကိုးကွယ်ခြင်းပါလျက် စပျစ်ရည်နှင့်ယစ်မူးပြီး လိင်စိတ်ထကြွစေသည့် သားဖွားနတ်ကိုးကွယ်မှု အထုံးအဖွဲ့ များနှင့် ထာဝရ ဘုရားဝတ်ကို ရောနှောပေါင်းစပ်ခဲ့ကြသည်။ ချမ်းသာသူတို့ ပိုချမ်းသာလာကြသည်။ သို့သော် ဆင်းရဲသူတို့မှာမူ ပိုမို မွဲတေသွားကြရကား စားလောက်နိုင်ဖို့ သူတို့ ၏ ဇနီးနှင့် သမီးများကို နတ်ကွန်း ပြည့်တန်ဆာများအဖြစ် အပ်ကြရမြဲ ဖြစ်ခဲ့သည်။ ထိုမျှမက မြောက်ပိုင်းဣသရေလတိုင်းအတွင်း အဆိုပါ နှလုံး ကြေကွဲဖွယ်ရာ အခြေအနေများကို ဟောရှေ ကြုံခဲ့ရသည်နှင့်အမျှ ဣသရေလ၏ ရှင်ဘုရင် ဘုရားသခင်ထံမှ လူအများစု မကြားချင်သည့် သတင်းစကားကို ဆင့်ဆို ပရောဖက်ပြုရန် သူ့အား ခေါ် ခဲ့သည်။ အာရှုရိ အင်ပါယာအားဖြင့် ဣသရေလ တိုင်းနိုင်ငံအပေါ် ကျိန်ခြင်းအမင်္ဂလာများကို ဘုရားသခင် သွန်းလောင်းကာနီးဆဲဆဲ အချိန်ပင် ဖြစ်သည်။

ပရောဖက် ဟောရှေ ၏ အမှုတော်ကို ကျွန်ုပ်တို့ ဆင်ခြင်ရာတွင် အချင်းချင်း ချိတ်ဆက်နေသည့် အမှုအရာ လေးခုကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ၎င်းတို့မှာ အမှုဆောင်ချိန်ကာလ၊ အမှုဆောင်သည့် နေရာဌာန၊ ဟောရှေ ၏ ပြောင်းလဲနေသည့် အခြေအနေများ နှင့် ပရောဖက် သာသနာ ၏ ရည်ရွယ်ချက် သို့မဟုတ် ပန်းတိုင် တို့ ဖြစ်ကြသည်။ ဘုရားသခင့် ပရောဖက်အနေဖြင့် ဟောရှေ အလုပ်အကြွေး ပြုခဲ့သည့် အချိန်အပေါ် စူးစိုက်မှုနှင့် စကြပါစို့။

## အမှုဆောင်သည့် အချိန်ကာလ

အခြားသော ဓမ္မဟောင်း အနာဂတ္တိကျမ်းများစွာနှင့် အလားတူပင် ဟောရှေ အဖွင့် အခန်းငယ် ဖြစ်သော ဟောရှေ ၁း၁ သည် ဟောရှေ အမှုဆောင်ချိန်ကို ကျွန်ုပ်တို့အား မိတ်ဆက်ပေးသည်။ စာစောင် မည်သို့ အစပြုသည်ကို နားထောင်ကြည့်ပါ။

> ယုဒရှင်ဘုရင် သြဇိမင်း၊ အာခတ်မင်း၊ ဟေဇကိမင်း၊ ဣသရေလ ရှင်ဘုရင်
> ယောရှုသား ယေရောဗောင်မင်းတို့ လက်ထက်၊ ဗေရိ ၏ သား ဟောရှေသို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရောက်လာသော ဘုရားသခင့် နှုတ်ကပတ်တော် အစအဦး ဟူမူကား (ဟောရှေ ၁း၁)

ရှင်ဘုရင်များ စာရင်းက ကျွန်ုပ်တို့အား ဟောရှေ အမှုတော် စတင်ချိန်နှင့် ပြီးဆုံးချိန်တို့ကို မိတ်ဆက်ပေးသည်။ အခြားတစ်ဖက်တွင် ဟောရှေ အမှုတော်သည် ယုဒ ဘုရင် သြဇိမင်းနှင့် ဣသရေလ ဘုရင် ယေရောဗောင်တို့ လက်ထက်၌ အစပြုခဲ့ကြောင်း ကျွန်ုပ်တို့ကို ပြောပြသည်။ ဤ ယေရောဗောင်အား ယေရောဗောင် ၂ အဖြစ် ဖော်ညွှန်းလေ့ ရှိသည်။မြောက်ပိုင်း ဣသရေလ ထူထောင်သူ အစောဆုံး ရှင်ဘုရင် ယေရောဗောင် ၁ နှင့် ကွဲပြားခြားနားစေရန် ဖြစ်သည်။

သြဇိမင်း သို့မဟုတ် အာဇရိမင်းဟုလည်း ခေါ်ဆိုသည့် မင်းသည် ယုဒပြည်အား ဘီစီ ၇၉၂ မှ ၇၄၀ထိ အုပ်စိုးခဲ့သည်။ ထို့ပြင် ယေရောဗောင် ၂ သည်လည်း ဘီစီ ၇၉၃ လောက်မှ ၇၅၃ လောက်အထိ အုပ်စိုးခဲ့သည်။ အနက်ဖွင့်သူ အများစုက ဟောရှေ ၏ အစောဆုံး ပရောဖက်ပြုချက်များထဲ ဖော်ပြထားသည့် အခြေအနေများသည် ယေရောဗောင် ၂ အုပ်စိုးကာလ ၏ နောက်ဆုံး ဆယ်စုနှစ်အတွင်း ဖြစ်ပျက်ခဲ့သည့် အခြေအနေတို့ကို ထင်ဟပ်နေကြောင်း မှန်ကန်စွာ အကြံပြုကြသည်။ သို့ဖြစ်၍ ဟောရှေ အမှုဆောင်ကာလသည် ဘီစီ ၇၆၀ ဝန်းကျင်လောက်တွင် စခဲ့သည်ဟု ဆိုလျှင် သင့်လျော်ပါသည်။ ဤအချက်ကြောင့် ဟောရှေသည် အစောဆုံးသော ပရောဖက် မဖြစ်လျှင်တောင်မှ သူ့အမှုတော်အတွက် ရည်စူးထားသည့် သမ္မာကျမ်း စာစောင်နှင့်တကွ အစောပိုင်း ပရောဖက်များထဲ တစ်ဦး အပါအဝင် ဖြစ်လာရသည်။

အခြားတစ်ဖက်တွင်မူ ၁း၁ ပါ ရှင်ဘုရင်များ စာရင်းသည် ဟောရှေ အမှုဆောင်ကာလ အဆုံးသတ်ကာလကိုလည်း ကျွန်ုပ်တို့အား မိတ်ဆက်ပေးထားသည်။ ဟောရှေသည် ယုဒဘုရင်များ ဖြစ်ကြသည့် သြဇိ၊ ယောသံ၊ အာခတ် အုပ်စိုးကာလများ တစ်လျှောက် အမှုဆောင်ခဲ့ပြီး ဟေဇကိ အုပ်စိုးကာလအတွင်း သူ့အမှုတော်ကို အဆုံးသတ်ခဲ့သည်။

သူ့ဖခင် နှင့်အတူ အုပ်စိုးသည့်ကာလ ပြီးဆုံးသည့်နောက် ဟေဇကိမင်းသည် ဘီစီ ၇၁၅ မှ ၆၈၆ လောက်အထိ ယုဒပြည်ကို တစ်ဦးတည်း အုပ်စိုးခဲ့သည်။ ဟေဇကိ မင်းလက်ထက် မည်သည့် အချိန်ထိ ဟောရှေ အသက်ရှင်ခဲ့ကြောင်း ကျွန်ုပ်တို့ မသေချာပါ။ သို့သော် သူ့ အသက် နှစ်ဆယ် အရွယ် ဘီစီ ၇၆၀ ဝန်းကျင်တွင် သူ အမှုတော် စဆောင်ခဲ့ပါလျှင် ဘီစီ ၆၈၆ ခန့်တွင် သူ့အသက် ၉၄ နှစ် ရှိနေခဲ့ပြီး ဖြစ်ပါလိမ့်မည်။ သို့ဆိုပါက ဟောရှေ အမှုဆောင်ကာလ ပြီးဆုံးချိန်သည် ဘီစီ ၆၈၆ ဝန်းကျင် ဖြစ်ခဲ့ဖွယ် ရှိပါသည်။

ဟောရှေ အမှုဆောင်ချိန်ကို ဤအတိုင်းမှတ်ယူလျက် ဘုရားသခင့် ပရောဖက်အဖြစ် လုပ်ဆောင်ခဲ့သည့် အမှုတော်၏ တည်နေရာကို ကြည့်ကြပါစို့။

## တည်နေရာ

ဟောရှေသည် ယေရောဗောင် ၂ လက်ထက် အမှုဆောင်ခဲ့ကြောင်း အဖွင့်ကျမ်းက မှတ်သားသည့်အခါ သူ မည်သည့် နေရာဒေသတွင် အမှုဆောင်ခဲ့ကြောင်း အရေးကြီးသည့် သဲလွန်စအား

ကျွန်ုပ်တို့ကို သိစေသည်။ ယေရောဗောင် ၂ ကို ညွှန်းဆိုချက်က ဟောရှေ အမှုဆောင်သည့် နေရာနှင့် ဆိုင်သည့် အချက်နှစ်ချက်ကို ဖွင့်ပြသည်။ အခြားတစ်ဖက်တွင် ယုဒပြည်အစား ဣသရေလ တိုင်းပြည်ထဲမှာ ဟောရှေ အမှုတော်စတင်ကြောင်း ၎င်းက ညွှန်ပြသည်။

> ပရောဖက် ဟောရှေသည် မြောက်ပိုင်း ဣသရေလတိုင်းပြည်ထဲ အမှုဆောင်ခဲ့ကြောင်း စာစောင်ထဲရှိ အမျိုးမျိုးသော လမ်းကြောင်းများနှင့် ကျမ်းချက်များအရ ကျွန်ုပ်တို့ ပြောနိုင်ပါသည်။ သာဓက အားဖြင့် ၁း၁ ပါ စာစောင် အစတွင် ဖော်ပြချက်အရ သူ့ထံ ဘုရားသခင့် နှုတ်ကပတ်တော် ရောက်လာချိန်သည် ဟောရှေနှင့် ခေတ်ပြိုင်ရှင်ဘုရင်များ အုပ်စိုးနေစဉ်အတွင်း ဖြစ်ကြောင်း ကျွန်ုပ်တို့ ဖတ်ရသည်။ ထိုအထဲမှ တစ်ပါးသည် ဣသရေလ ဘုရင်ဖြစ်သူ ယောရှသား ယေရောဗောင် ၂ ဖြစ်သည်။ ဤအချက်က ဟောရှေ အမှုတော်သည် ဣသရေလ နိုင်ငံတော်နှင့် ဆက်စပ်နေကြောင်း ပြသသည်။ ထို့ပြင် စာစောင် တစ်လျှောက် ထာဝရ ဘုရားသခင်သည် ဣသရေလကို တိုက်ရိုက် လိပ်မူပြောဆိုနေကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ဣသရေလ အပေါ် ကျရောက်လာမည့် တရားစီရင်ချက်အကြောင်း သူပြောဆိုသည်။ ဒုစရိုက်ပြုသော ဣသရေလတို့ ၏ အပြုအမူတို့ကို သူ ဖွင့်ထုတ်ပြသည်။ သာဓက အားဖြင့် ၁း၄ တွင် ဣသရေလ နိုင်ငံကို ဆုံးစေတော်မူမည့်အကြောင်း ဘုရားသခင် မိန့်ဆိုခဲ့သည်။ သို့ဖြစ်၍ ဣသရေလ ရှင်ဘုရင် ယေရောဗောင်ကို ရည်ညွှန်းချက်အပြင် ထာဝရ ဘုရားသခင့် အထံတော်မှ ဣသရေလအတွက် တိုက်ရိုက် မိန့်ဆိုချက် သို့မဟုတ် သတင်းစကားတို့သည် ဟောရှေ အမှုဆောင်ခြင်းနှင့် မြောက်ပိုင်း ဣသရေလ နိုင်ငံတော်တို့ ဆက်စပ်ကြောင်း ပြသချက်များ ဖြစ်ကြသည်။

**Rev. Sherif Gendy, ဘာသာပြန်ဆိုချက်**

မြောက်ပိုင်း ဣသရေလနှင့် မိတ်ဆက်ပေးခြင်းသည် ဟောရှေ ကျမ်းထဲ ပုံစံမျိုးစုံဖြင့် ပါနေသည်။ သို့သော် အရေးပါသည့် နှစ်ချက်မျှကိုသာ ကျွန်ုပ်တို့ ဖော်ပြကြပါမည်။ ပထမအားဖြင့် ကျွန်ုပ်တို့ စာစောင်၏ ဒေသတွင်း ဘာသာစကားအရ ဟောရှေသည် မြောက်ပိုင်း ဣသရေလနိုင်ငံ ဇာတိချက်မြုပ် တစ်ဦး ဖြစ်သည်။ မကြာသေးသော လေ့လာမှုများစွာက ဟောရှေ၏ ဟေဗြဲသဒ္ဒါနှင့် မြောက်ပိုင်း ကမ်းရိုးတန်းဒေသများမှာ အဓိက ပြောဆိုကြသည့် အနောက်ဖက် ဆီးမိုက် ဒေသ ဘာသာစကားတစ်ခု ဖြစ်သည့် ဖိုးနီးရှန်း ဘာသာစကားတို့အကြား တူညီမှု များစွာရှိကြောင်း ဖော်ထုတ်ခဲ့ကြပြီး ဖြစ်သည်။

ဒုတိယအားဖြင့် ဟောရှေ အနာဂတ္တိကျမ်းထဲက ပရောဖက် ပြုချက် အများစုသည် ယုဒပြည်အပေါ် မဟုတ်ဘဲ ဣသရေလတိုင်းနိုင်ငံ အပေါ်မှာသာ အာရုံထားသည့်အချက်ကလည်း အထူးပင် ပေါ်လွင်နေသည်။ စာစောင်ထဲ၌ "ဣသရေလ" "ဣသရေလလူများ"



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

"ဣသရေလသားမြေးများ" စသည်ဖြင့် ဣသရေလတိုင်းနိုင်ငံကို ဟောရှေ ဖော်ညွှန်းရာတွင် အမြဲသုံးလေ့ရှိသည့် ဝေါဟာရများဖြင့် မြောက်ပိုင်း ဣသရေလကို ရည်ညွှန်းချက် ၈၁ ကြိမ်ခန့် ပါရှိသည်။ ၎င်းနှင့် ကွဲပြားခြားနားစွာပင် ယုဒ ဆိုသည့် အမည်ကိုမူ ကျွန်ုပ်တို့စာစောင်ထဲတွင် ၁၅ ကြိမ်လောက်သာ ဖော်ပြထားသည်။ ဟောရှေသည် မြောက်ပိုင်း နိုင်ငံတော်ထဲက အဖြစ်အပျက်တို့ကိုသာ အထူးသဖြင့် ဂရုစိုက်ခဲ့သည်။

အခြားတဖက်တွင်မူ ဟောရှေ ဘဝတွင် အုပ်စိုးခဲ့သည့် အခြားသော ဣသရေလ ဘုရင် ခြောက်ပါးကို ချန်လှပ်ထားပြီး ယေရောဗောင် ၂ ကိုသာ ၁း၁ က ဖော်ပြကြောင်း ကျွန်ုပ်တို့ ဂရုစိုက်မှတ်သားခြင်းဖြင့် ဟောရှေ အမှုတော် ၏ နောက်ထပ် အင်္ဂါရပ်တစ်ခုကို ကျွန်ုပ်တို့ သင်ယူနိုင်ကြသည်။

ယေရောဗောင် ၂ နောက်တွင် ဇာခရိ၊ ရှလ္လုံ၊ မနေဟင်၊ ပေကဟိ၊ ပေကာ၊ ဟောရှေ စသည့် ရှင်ဘုရင်တို့က ဘီစီ ၇၂၂ ၌ အာရှုရိလက်အောက်သို့ ဣသရေလနေပြည်တော် ရှမာရိ မကျဆုံးမီအထိ အဆောတလျင် ဆက်ခံ အုပ်စိုးခဲ့ကြသည်။ အဆိုပါ ရှင်ဘုရင်တို့အား စာစောင် အဖွင့် အခန်းငယ် ၁း၁ တွင် ချန်လှပ်ထားခဲ့ခြင်းသည် ယေရောဗောင် ၂ အုပ်စိုးကာလဆုံးကာနီး ဘီစီ ၇၅၃ တွင် ယုဒပြည်သို့ ဟောရှေ ရွှေ့ပြောင်းအခြေချခြင်းကြောင့် ဖြစ်ဖွယ် ရှိသည်။ ဟောရှေက မြောက်ပိုင်း နိုင်ငံသို့ မကြာခဏ ခရီးပြန်သွားပြီး ပရောဖက်ပြုချက် အချို့ကို ပေးခဲ့ခြင်း ဖြစ်နိုင်ပါသည်။ ဟောရှေ ၏ တပည့်များ သို့မဟုတ် သူငယ်ချင်းများက သူ့ကိုယ်စား မြောက်ပိုင်းမှာ ပရောဖက်ပြုခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ အခန်းငယ် ၁း၁ အတွင်း အခြားသော ရှင်ဘုရင်တို့ကို အသိအမှတ်မပြုဘဲ ထားခြင်းက ယေရောဗောင် ၂ အုပ်စိုးကာလနှောင်းပိုင်းထိသာ မြောက်ပိုင်း ဣသရေလမှာ ဟောရှေကိုယ်တိုင် နေထိုင်ခဲ့သည် ဆိုသည့် အမြင်ကို ထောက်ကူသည်။ သို့ဆိုပါက နိုင်ငံရေး ကသောင်းကနင်း ဖြစ်မှုကြောင့် ဖြစ်စေ၊ သူ့ ပရောဖက်ပြုချက်တို့ကို ကဏ္ဍကောဇပြုကြ၍ ဖြစ်စေ အကြောင်း တစ်ခုခုကြောင့် တောင်ပိုင်း ယုဒပြည်က နေရာသစ် တစ်ခုမှာ သူ နေထိုင်ခဲ့ရသည်။

ယခုတွင် ပရောဖက် ဟောရှေ အမှုဆောင်ကာလနှင့် နေရာဌာနတို့ကို ကျွန်ုပ်တို့ လေ့လာကြပြီးဖြစ်၍ ဘုရားသခင့် ပရောဖက်အဖြစ် အမှုဆောင်ခဲ့သည့် ဆယ်စုနှစ်များအတွင်း သူဦးတည်ဖြေရှင်းခဲ့သည့် အခြေအနေအချို့ကို ကျွန်ုပ်တို့ ဆွေးနွေးရန်သင့်ပြီ ဖြစ်ပါသည်။

## အခြေအနေများ

သမ္မာကျမ်းစာလေ့လာသူ များစွာသည် ဟောရှေ အမှုဆောင်သည့် သမ္မာကျမ်း အချိန်ကာလနှင့် မရင်းနှီးကြပါ။ ရှင်ဘုရင်များ နှင့် ရာဇဝင်ချုပ်များလို ရာဇဝင်သမိုင်း စာအုပ်များ၊ မိက္ခာနှင့် ဟေရှာယလို အနာဂတ္တိကျမ်းများနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ ရှာဖွေတွေ့ရှိမှုများက ကျွန်ုပ်တို့အား ဤကာလအကြောင်းကို များစွာ ပြောပြထားတာ ရှိပါသည်။ ထို့ကြောင့် ၎င်းအရာများ အကြောင်းအား ဤနေရာတွင် အကုန်အစင်ဖော်ပြပေးမည့် အဖြစ်အပျက်တို့သည် ကျွန်ုပ်တို့အတွက် လိုသည်ထက်ပင် များနေပါသည်။ သို့သော် ဟောရှေ အမှုဆောင် ဆယ်စုနှစ်များအတွင်း ဣသရေလနှင့် ယုဒ တိုင်းတို့တွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ခဲ့သည့် ပိုမို လေးနက်အရေးပါသော အဖြစ်အပျက်အချို့ကို အခြေခံကျကျ အာရုံမစိုက်ဘဲနှင့် ကျွန်ုပ်တို့ ရှေ့ဆက်မရနိုင်ပါ။

ယေရောဗောင် ၂ အုပ်စိုးကာလ မြောက်ပိုင်းဣသရေလနိုင်ငံထဲ အမှုတော် စဆောင်သည့် ဟောရှေ သည် သင်ကိုယ်တိုင် ဖြစ်ကြောင်း ခဏတဖြုတ် စိတ်ကူးကြည့်ကြပါစို့။ ဘုရားသခင်ကို သင်ကိုးစားသည်။ သို့သော် သင်ကြည့်လေရာရာတွင် ရှင်ဘုရင်မှစ၍ ယဇ်ပုရောဟိတ်များ၊ ဣသရေလ ၏ ကြွေးရေတတ် မှူးကြီး မတ်ကြီးများသည် သင့်နိုင်ငံတော်ကို အမှောင်ထဲ ဆွဲသွင်းခဲ့ကြသည်။ သာသနာပလူတို့ ၏ မှားယွင်းသော ဘုရားများကို သူတို့ကိုးကွယ်ကြသည်။ တိုင်းနိုင်ငံကို ရက်စက်ကြမ်းကြုတ်မှုနှင့် သူတို့ ပြည့်စေကြသည်။ မတရားသော စစ်ပွဲများကို တိုက်ရန် ဆင်းရဲသားတို့ ၏ သားမြေးတို့အား အဓမ္မ ခိုင်းစေကြသည်။ ထို့ပြင် သူတို့၏ သားဖွားနတ်ကွန်းများ၌ ဆင်းရဲသားတို့၏ ဇနီးနှင့် သမီးများအား ဝတ်ဖြည့် ပြည့်တန်ဆာများအဖြစ် အဓမ္မ ဖိအားပေး အသုံးခံစေကြသည်။ ခေါင်းဆောင်လုပ်သူတို့သည် ဘုရားသခင့်အပေါ် သစ္စာရှိကြောင်း အချိန်တိုင်းမှာ ကြွေးကြော်နေကြသည်။ သူတို့လုပ်သမျှ ဘုရားသခင် အတည်ပြုသည့် သက်သေအဖြစ် သူတို့၏ ဓနဥစ္စာနှင့် သြဇာအာဏာတို့ကို သူတို့ ပြညွှန်နေကြသည်။

သို့သော် ဘုရားသခင်သည် ဤသို့သော ဆန့်ကျင် ပုန်ကန်မှုမျိုးကို အစဉ်အမြဲ သည်းခံလိမ့်မည် မဟုတ်ကြောင်း ရှေးကပင် မောရှေ သတိပေးခဲ့ကြောင်း ဟောရှေ သိထားခဲ့သည်။ သူ့ပရိသတ်တို့ကို နှိမ့်ချရန် ဆင်းရဲဒုက္ခများကို ကိုယ်တော် စေလွှတ်တော်မူလိမ့်မည် ဖြစ်သည်။ သူတို့အား ဆုံးမရန် ရက်စက်ကောက်ကျစ်သော သာသနာပ တိုင်းပြည်တို့အား ကိုယ်တော် ပေါ်ထွန်းစေလိမ့်မည် ဖြစ်ကြောင်းကိုပင် မောရှေ သတိပေးခဲ့သည်။ ထိုမျှမက ဤအရာသည် ဣသရေလအပေါ် ကိုယ်တော် တိတိကျကျ ပြုတော်မူတော့မည့်အရာ ဖြစ်ကြောင်း ဟောရှေကို ဘုရားသခင် ဖွင့်ပြခဲ့သည်။

သူ့ ဇာတိမြေနှင့် ပတ်သက်သော ဤအရာတို့အကြောင်း ဟောရှေ သိနားလည်ရခြင်းသည် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ကောင်းသလောက် အလားတူ အခြေအနေများကိုလည်း နောက်ပိုင်းတွင် ယုဒပြည်၌ သူ ကြုံတွေ့ခဲ့ရပြန်သည်။ ဆယ်စုနှစ်များ ကုန်လွန်သည်နှင့်အမျှ သူ ပြောင်းရွှေ့နေထိုင်ရာ တောင်ပိုင်း နိုင်ငံ ၏ ခေါင်းဆောင်တို့သည်လည်း သူတို့၏ မြောက်ပိုင်း အိမ်နီးချင်းများနည်းတူ အလားတူ ပုန်ကန်မှုမျိုးထဲ ကျရောက်ခဲ့ကြသည်။ အခြားတိုင်းနိုင်ငံတို့နှင့် သူတို့ မိတ်ဖွဲ့ပြီး သူတပါးကို မတရားသဖြင့် ပြုမူခဲ့ကြသည်။ သူတို့၏ သားပျိုများကို မတရားသောစစ်တိုက်ရန် အနိုင့်အထက် ပြုခဲ့ကြသည်။ ယေရုရှလင်လို မြို့မှာပင်လျှင် ရုပ်တုကိုးကွယ်မှုကို အားပေးခဲ့သည်။ အဆိုပါ အရာတို့ကို ဟောရှေ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည့်အတိုင်း ယုဒလူတို့ကိုလည်း ဒူးထောက်လာစေမည် ဖြစ်ကြောင်း သူ့အား ဘုရားသခင် ဖွင့်ပြခဲ့သည်။

ယေဘူယျဆိုရလျှင် ဟောရှေ ပရောဖက်ပြုခဲ့သည့် ဒုက္ခများကို "အာရှုရိ ဒဏ်စီရင်ချက်" ကာလဟု ကျွန်ုပ်တို့ ရည်ညွှန်းနိုင်ပါသည်။ ဤ အချိန်အတောအတွင်း ဘုရားသခင့် ဆုံးမခြင်း၏ အဓိက အသုံးခံ တန်ဆာပလာမှာ အာရှုရိ အင်ပါယာ ဖြစ်သည်။ သမ္မာကျမ်း သမိုင်းအတွင်း အာရှုရိတို့ အဆိုပါ တာဝန်စယူခဲ့ချိန်မှာ ထင်ရှားသည့် ဧကရာဇ် တိဂလတ် ပိလေသာ ၃ နန်းတက်ချိန် ဘီစီ ၇၄၅ ဝန်းကျင် ဖြစ်သည်။ ထို့ကြောင့် အာရှုရိလူတို့သည် ဘာဗုလုန်တို့ လက်အောက်သို့ ၎င်းတို့ ၏ မင်းနေပြည်တော်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နိနေဝေမြို့ မကျဆုံးမီ ၆၁၂ ဘီစီဝန်းကျင်အထိ ဘုရားသခင့်လူတို့ ၏ သမိုင်းတွင် လေးနက်အရေးပါသော သမိုင်းဝင် အချက်အလက်တစ်ခုအဖြစ် တနည်း တဖုံ ဆက်လက်ရှိနေခဲ့သည်။

> ယေရောဗောင် ၂ ၏ အုပ်စိုးကာလပြီးဆုံးကာနီး သို့မဟုတ် ပြီးဆုံးကာစတွင် တိဂလတ်ပိလေသာ ၃ သည် အာရှုရိ ရှင်ဘုရင် ဖြစ်လာခဲ့သည်။ ထိုကာလ၌ အာရှုရိသည် မဟာအင်အားကြီးနိုင်ငံ ဖြစ်သည့်အားလျော်စွာ ဣသရေလနှင့် ယုဒနိုင်ငံတို့ကိုသာမက ဣသရေလ မြောက်ဘက်တွင် ရှိသည့် ရှုရိ နိုင်ငံတို့၏ တည်ရှိမှုကိုပါ ခြိမ်းခြောက်နေခဲ့သည်။ ဣသရေလ ၏ မနာခံမှုကြောင့် ကျိန်ခြင်းခံရမည့် အကြောင်းနှင့် သူတပါးလက်အောက်ကျရောက်မည့် အကြောင်း ဟောရှေ ပရောဖက်ပြုချက်များက ကြိုတင်ဟောပြောထားရာတွင် တိဂလတ်ပိလေသာ ၃ သည် လက်တွေ့အကောင်အထည်ဖော်ရသူ ဖြစ်ခဲ့သည်။ တိဂလတ်ပိလေသာ ၃ လွန်သည့်နောက် ရှာလမနေစာ နန်းတက်သည်။ အဆိုပါ တိဂလတ်ပိလေသာနှင့် ရှာလမနေစာ ပုဂ္ဂိုလ် နှစ်ဦးတို့သည် ဘုရားသခင် ပြုမည်ဟု ဟောရှေကျမ်းထဲ ကတိပြုထားသည်အတိုင်း ဣသရေလအပေါ် ကိုယ်တော်၏ ပြစ်ဒဏ်များကို လက်တွေ့ ဖော်ဆောင်ရာ ဘုရားသခင့် ဖြောင့်မတ်စွာ စီရင်ခြင်း၏ တန်ဆာပလာများ ဖြစ်လာခဲ့သည်။
>
> **Dr Larry Trotter**

ဤသင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ကြရဦးမည် ဖြစ်သလို ဟောရှေ ကျမ်း၏ ပါဝင်အကြောင်းအရာသည် အာရှုရိ အားဖြင့် တရားစီရင်သည့်ကာလ အတွင်း ဖြစ်ပေါ် ခဲ့သည့် အဓိက အဖြစ်အပျက် သုံးခုဆီသို့ သူ၏ပရောဖက် အမှုတော်ကို ဦးတည် မိတ်ဆက်ပေးခဲ့သည်။ ဟောရှေ စာစောင်အတွင်း အစောဆုံး ပရောဖက်ပြုချက်တို့သည် ပထမ အဖြစ်အပျက်နှင့် သက်ဆိုင်သည်။ တိဂလတ်ပိလေသာ ၃ အင်ပါယာ ဧကရာဇ် ဖြစ်လာချိန် ဘီစီ ၇၄၄ သည် အာရှုရိ တို့ တန်ခိုးထွားချိန် ဖြစ်သည်။ ဘီစီ ၇၃၂ တွင် အာရှုရိတို့ ဣသရေလကို ကျူးကျော်မည့် အကြောင်း ပရောဖက်ပြုချက်များကိုလည်း ဟောရှေကျမ်းထဲ မှတ်တမ်းတင်ထားခဲ့သည်။ ထိုထက်မက နောက်ထပ် ဆယ်နှစ်ကြာပြီးသည့်နောက် ဘီစီ ၇၂၂ တွင် ဣသရေလကို အာရှုရိတို့ ကျူးကျော်ကာ ဣသရေလနိုင်ငံကို လုံးလုံးဖျက်ဆီးခဲ့သည့်အချိန် အကြောင်း ကြိုတင် ပရောဖက်ပြုထားချက်များလည်း ဟောရှေကျမ်းထဲ ပါနေသည်။ အဆိုပါ အဖြစ်အပျက် သုံးခုလုံးအကြောင်း သူ ပရောဖက် ပြုခဲ့သည်ဖြစ်၍ ဟောရှေ ကြုံခဲ့ရသော အခြေအနေများကို ဖော်ထုတ်ကြည့်ကြပါစို့။ ဘီစီ ၇၄၄ တွင် အာရှုရိတို့ တန်ခိုးထွားလာမည့်အကြောင်း ဗျာဒိတ်များအား သူလက်ခံရရှိခဲ့ချိန် ဟောရှေ အမှုတော်၏ ပထမ အဆင့်နှင့် စတင်ကြပါစို့။

ကျွန်ုပ်တို့ ဆိုခဲ့ပြီးသလို ဘီစီ ၇၄၄ သည် အာရှုရိ ရှင်ဘုရင်အဖြစ် တိဂလတ်ပိလေသာ ၃ နန်းတက်သည့်နှစ်ဖြစ်ပြီး ဣသရေလနှင့် ယုဒအပေါ် သူ့အာဏာစက်ကို ခိုင်မာအောင်ပြုခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအချိန်မတိုင်မီထိ ဟောရှေသည် မြောက်ပိုင်း ဣသရေလ နိုင်ငံတော်တွင် နေထိုင်ခဲ့သည်။ ယေရောဖောင် ၂ သည် ဣသရေလနိုင်ငံအား ကြွယ်ဝချမ်းသာမှု၌ မည်သို့ အထွတ်အထိပ်ရောက်အောင် ပို့ဆောင်ခဲ့ကြောင်း သူ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သည်။ သို့သော် ရှင်ဘုရင်နှင့်တကွ ယဇ်ပုရောဟိတ်များ၊ အခြားသော ခေါင်းဆောင်များသည် ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့ကို မြှင့်တင်ခြင်းဖြင့် ဘုရားသခင့်အပေါ် သစ္စာမဲ့မှုကို မည်သို့ လက်တွေ့ပြခဲ့ကြကြောင်းကိုလည်း သူတွေ့မြင်ခဲ့သည်။ ထို့ကြောင့် အကျိုးရလာဒ်အနေဖြင့် အာရှုရိ အင်ပါယာအားဖြင့် ဘုရားသခင့်အထံတော်မှ ကျိန်ခြင်းအမင်္ဂလာများ ကျရောက်လာမည့်အကြောင်း ဟောရှေ သတိပေးခဲ့သည်။

ဤအချိန်ကာလအတွင်းမှာပင် ရှင်ဘုရင်တို့၏ ရာဇဝင်နှင့် ရာဇဝင်ချုပ် စာစောင်များအရ ယုဒနိုင်ငံတော်သည်လည်း တိဂလတ်ပိလေသာ ၏ အုပ်စိုးမှုအောက်ကျရောက်ခဲ့သည်။ သို့သော် ဣသရေလ ခေါင်းဆောင်များနှင့် မတူညီသည်မှာ ယုဒရှင်ဘုရင် ဩဇိမင်းသည် ဖြောင့်မတ်သော ရှင်ဘုရင်တစ်ပါး အဖြစ်အုပ်စိုးခဲ့သည်။ ဤရှုထောင့်သည် အလွန်ပင် အရေးကြီးလှသည်။ ယုဒပြည်သူအများ ရုပ်တုကိုးကွယ်နေချိန်တွင် ဩဇိမင်းကိုယ်တိုင်သည် ထာဝရ ဘုရားသခင် တစ်ပါးတည်းကိုသာ ဝတ်ပြုကိုးကွယ်ခဲ့ပြီး ယေရုရှလင် ဗိမ္မာန်တော်၌လည်း ထာဝရ ဘုရားဝတ်ကိုသာ မြှင့်တင်ချီးမြှောက်ခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ သိရှိရသလောက် ဘုရားသခင်သည် ထိုအချိန်ကာလတွင် ယုဒပြည်ကို ဆန့်ကျင်စွပ်စွဲခဲ့ခြင်းများ မရှိခဲ့သောကြောင့် ယုဒကို ဆန့်ကျင်သည့် ကျိန်ခြင်း သတိပေးချက်များလည်း မရှိခဲ့ပေ။

ဟောရှေ အမှုတော် ၏ နောက်အဆင့်သည် ဘီစီ ၇၃၂ တွင် ဣသရေလကို အာရှုရိတို့ ကျူးကျော်မှုအပေါ် စူးစိုက်ထားသည်။ ဤ ကျူးကျော်မှုအကြောင်း သူ၏ အစောပိုင်း ပရောဖက်ပြုချက်များကို ဟောရှေ ဆင့်ဆိုခဲ့စဉ်က တိဂလတ်ပိလေသာ ၃ သည် ဣသရေလ နိုင်ငံအပေါ် နိုင်ငံရေးအရ ထိန်းချုပ်နိုင်ဖို့ ဆက်လက် အားထုတ်နေချိန် ဖြစ်သည်။ မနေဟင် နှင့် ပေကာတို့သည် ရုပ်တုကိုးကွယ်ခြင်းနှင့် မတရားမှုတို့ကို အားပေးခဲ့ကြပြီး လုံခြုံစိတ်ချမှုအတွက် အာရှုရိနှင့် မဟာမိတ်ဖြစ်မှုအပေါ် အားပြုခဲ့ကြသည်။ ရှေးကာလ နိုင်ငံရေး မဟာမိတ်အများစု လုပ်နေကျအတိုင်း ဤပတ်သက်ဆက်စပ်မှု၌လည်း အာရှုရိ စစ်မင်းများ ကိုးကွယ်သည့် ဘုရားများကို အသိအမှတ်ပြု ဝန်ခံရမှုများ ပါဝင်နေခဲ့သည်။ ဘုရားသခင်အပေါ် ဤသို့သော သစ္စာမဲ့မှုများကြောင့် ဘီစီ ၇၃၂ တွင် ကျရောက်လာမည့် အာရှုရိ ကျူးကျော်စစ်အားဖြင့် ဣသရေလအပေါ် ကျိန်ခြင်းများကို ဘုရားသခင် သွန်းလောင်းမည့်အကြောင်း ဟောရှေ သတိပေးခဲ့သည်။

ရှင်ဘုရင်များ ၏ ရာဇဝင်ကျမ်းကလည်း ဤအချိန်အခါတွင် ဩဇိနှင့် သူ့သား ယောသံတို့သည် ယုဒနိုင်ငံကို ဖြောင့်မတ်စွာ အုပ်စိုးခဲ့ကြကြောင်း ပြောပြသည်။ လူများစွာတို့သည် မြင့်သောအရပ်တို့တွင် အခြားဘုရားများကို ဆက်လက် ကိုးကွယ်နေခဲ့ကြသည်။ သို့သော် ဩဇိနှင့် ယောသံတို့မူကား ရုပ်တုကိုးကွယ်ခြင်းကို ကိုယ်တိုင် မလုပ်ခဲ့သလို အားလည်း မပေးခဲ့ပေ။ ထို့ကြောင့် ဤကာလအတွင်း ယုဒအပေါ် ဆန့်ကျင်သည့် ကျိန်ခြင်း သတိပေးချက်များကို ဟောရှေ မပေးဘဲ ရှိနေဆဲ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သို့သော် ဘီစီ ၇၃၂ တွင် ဖြစ်လာမည့် အာရှုရိ ကျူးကျော်စစ်အကြောင်း နောက်ပိုင်း ပရောဖက်ပြုချက်များ ဟောရှေ ရရှိချိန်တွင် ဣသရေလ အခြေအနေသည် ပိုပို၍သာ ဆိုးဝါးလာခဲ့သည်။ ပေကာ ဘုရင်သည် ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့ကို ဆက်လုပ်ခဲ့သည်။ အာရှုရိ အာဏာကို သူအညွှံခံခဲ့သည်။ သို့သော် တိဂလတ်ပိလေသာသည် နေရာစုံတွင် ပြဿနာကြုံနေရသဖြင့် အာရှုရိသို့ ကြီးလေးသော အခွန်ဆက်ရခြင်းမှ လွတ်အောင် ပေကာ ကြိုးစားရုန်းထွက်ခဲ့သည်။ ရှုရိ တိုင်းပြည်နှင့် ရှုရိဘုရားတို့ကို သူ မဟာမိတ်ဖွဲ့ခဲ့သည်။ ၎င်းကို "ရှုရိ-ဣသရေလ ညွန့်ပေါင်းအဖွဲ့" ဟု ခေါ်လေ့ ရှိသည်။ ထို့ပြင် ပေကာ နှင့် သူ့ ရှုရိ မိတ်ဖက်တို့သည် အာရှုရိကို သူတို့ ပုန်ကန်ရာတွင် ပါဝင်ဖို့ ဖိအားပေးကြိုးပမ်းသည့်အနေဖြင့် ယုဒပြည်ကို ကျူးကျော်ခဲ့သည်။ သင်စိတ်ကူးကြည့်နိုင်သလိုပင် အဆိုပါ ကျူးကျော်မှုအတွက် ဣသရေလအပေါ် ဘုရားသခင်က ကျိန်ခြင်းများ ကျရောက်စေမည့် အကြောင်း ဟောရှေ ပရောဖက်ပြုခဲ့သည်။ ထို့နောက် များမကြာမီ ဘီစီ ၇၃၂ တွင် တိဂလတ် ပိလေသာ ၃ သည် ရှုရိပြည်ကို ဖျက်ဆီးပြီး ဣသရေလပြည်ကို သူ့လက်အောက်ခံ ဖြစ်စေခဲ့သည်။

ဝမ်းနည်းဖွယ်ရာပင် ယင်းကျူးကျော်မှု နီးကပ်လာသည်နှင့် အမျှ ယုဒပြည်တွင် အရေးကြီးသော အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ရှုရိ-ဣသရေလ ညွန့်ပေါင်းအဖွဲ့ ယုဒပြည်ကို မတိုက်ခိုက်မီလေးတွင် အာခတ်မင်း နန်းတက်ခဲ့သည်။ အဖိုးတော်နှင့် ခမည်းတော်ကဲ့သို့ မဟုတ်ဘဲ အာခတ်မင်းသည် ဘုရားသခင်ကို ငြင်းပယ်ပြီး ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့ကို အားပေးခဲ့သည်။ ရှုရိ-ဣသရေလ ညွန့်ပေါင်းအဖွဲ့ နှင့်တကွ ဧဒုံ လူတို့နှင့် ဖိလိတ္တိလူတို့၏ တိုက်ခိုက်မှုကို ယုဒတိုင်းနိုင်ငံက ကြံ့ကြံ့ခံနိုင်ခဲ့သည်။ သို့သော် ထာဝရ ဘုရားသခင်ထံမှ အကူအမ တောင်းခံရမည့်အစား အာခတ်သည် မိမိ မဟာမိတ် ဖွဲ့ထားသည့် အာရှုရိနှင့် ၎င်းတို့ဘုရားများထံမှ အကာအကွယ်ကိုသာ ရှာကြံခဲ့သည်။ ဘုရားသခင်ကို အာခတ်က ဆန့်ကျင် ပုန်ကန်သည့်အတွက် ဘုရားသခင့် ကျိန်ခြင်းတို့သည် ယုဒထံသို့လည်း ရောက်လာနေကြောင်း ဟောရှေ ပရောဖက် ပြုခဲ့သည်။

ဤအရာသည် ဘီစီ ၇၂၂ တွင် အာရှုရိတို့ ကျူးကျော်မည့်အကြောင်း သူ့အမှုတော်အတွင်း ဟောရှေ ပရောဖက်ပြုသည့်အချိန်ဆီ ကျွန်ုပ်တို့ကို ခေါ်လာသည်။ ဘီစီ ၇၂၂ အဖြစ်အပျက်များ အကြောင်း ဟောရှေ ၏ အစောပိုင်း ပရောဖက်ပြုချက်တို့သည် ဣသရေလ ဘုရင်အဖြစ် အာရှုရိတို့ တင်မြှောက်ခဲ့သော ဟောရှေ ရှင်ဘုရင် ၏ အစောပိုင်း အုပ်စိုးကာလ အဖြစ်အပျက်တို့အပေါ် စူးစိုက်ထားသည်။ ဟောရှေ မင်းသည် ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့ကို အဖန်ဖန် လွန်ကျူးခဲ့ပြီး သူနှင့် မဟာမိတ်ဖွဲ့ထားသည် အာရှုရိလူတို့နှင့် ၎င်းတို့၏ ဘုရားများအပေါ် အချိန်အတိုင်းအတာ တစ်ခုထိ သစ္စာစောင့်ခဲ့သည်။ အတုံ့အလှည့်အနေဖြင့် ပရောဖက် ဟောရှေသည် ဘီစီ ၇၂၂ တွင် ဖြစ်ပေါ်မည့် အာရှုရိတို့ ၏ ဒုတိယမြောက် ကျူးကျော်မှုကြီးအားဖြင့် အသစ်သော ကျိန်ခြင်းများ ဣသရေလတို့ထံ ရောက်လာတော့မည် ဖြစ်ကြောင်း သတိပေးခဲ့သည်။

ထိုအချိန်တွင် ယုဒပြည်၌ အာခတ်မင်းသည် ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့ကို အားပေးအားမြှောက်ပြုခြင်းဖြင့် ဘုရားသခင့် ပဋိညာဉ်ကို ဆက်လက်ချိုးဖောက်ခဲ့သည်။ ထာဝရ ဘုရားကို ကိုးစားရန် သူ ငြင်းဆန်နေဆဲ ဖြစ်ပြီး အာရှုရိနှင့် ၎င်းတို့၏ဘုရားများ နှင့် ဖွဲ့သော မိတ်ဖက်ဖြစ်မှုကို ကိုးစားခြင်းဖြင့် ရန်မာန်တို့မှ လုံခြုံရာကို ရှာဖွေခဲ့သည်။ ထို့ကြောင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကျိုးရလာဒ်အားဖြင့် ဘုရားသခင့်ထံမှ ကြီးမားသော ကျိန်ခြင်းများ ယုဒတိုင်းပြည်ပေါ်သို့လည်း ရောက်လာနေကြောင်း ဟောရှေ သတိပေးခဲ့ရသည်။

ဘီစီ ၇၂၂ တွင် ဖြစ်ပေါ်သည့် အာရှုရိ ကျူးကျော်စစ်အကြောင်း ဟောရှေ ၏ နောက်ပိုင်းကာလ ပရောဖက်ပြုချက်များ သည် ဟောရှေ ဘုရင် ၏ ရုပ်တုကိုးကွယ်မှုနှင့် မတရားမှု ဆက်လက် အားပေးချက်များအပေါ် စူးစိုက်ထားသည်။ သို့သော် တိဂလတ် ပိလေသာ ၃ လွန်သည့်အခါ ဟောရှေမင်းသည် အာရှုရိသို့ ပေးရသည့် အခွန်မှ ကင်းလွတ်ရန် အခွင့်အရေး တွေ့ခဲ့သည်။ သို့သော် ကွယ်ကာမှုအတွက် ဘုရားသခင်ထံ ပြန်လှည့်လာမည့်အစား အဲဂုတ္တုနှင့် အဲဂုတ္တု ဘုရားများ ကိုသာ သူ မဟာမိတ်ဖွဲ့ခဲ့သည်။ အဆိုပါ ဒုစရိုက်များက ဘုရားသခင့်ထံမှ ကျိန်ခြင်းများကို များမကြာမီ ဆောင်ယူလာတော့မည့်အကြောင်း ဟောရှေ ကြိုတင်ဟောပြောခဲ့သည်။ သို့သော် အဆိုပါ ပရောဖက်ပြုချက်များ ပြည့်စုံလာသည့်အနေဖြင့် တိဂလတ် ပိလေသာ ၏ သားဖြစ်သူ ရှာလမနေစာ ၅ က ရှမာရိကို ဆက်လက်အုပ်စိုးပြီး ဟောရှေမင်းထံမှ ကြီးလေးသော အခွန်ကို ဆက်စေခဲ့သည်။ နှစ်အနည်းငယ်ကြာပြီးသည့်နောက် ဘီစီ ၇၂၂ တွင် အာရှုရိ ဘုရင် သာဂုန် ၂ သည် ရှမာရိကို အကုန်အစင် ဖျက်ဆီးပြီး ဣသရေလ လူအများစုကို တိုင်းပြည်ထဲမှ နှင်ထုတ်ကာ ကျွန်ဘဝသို့ ကျရောက်စေခဲ့သည်။

အဆိုပါ နှစ်များအတွင်း ယုဒရှင်ဘုရင် အာခတ်မင်းနှင့် ဟေဇကိတို့မှာ တိုင်းပြည်ကို ပူးတွဲအုပ်ချုပ်ခဲ့ကြသူများ ဖြစ်ကြသည်။ စောစီးစွာကပင် ဟေဇကိမင်းသည် အာရှုရိလူတို့နှင့်တကွ အာရှုရိ ဘုရားများနှင့် သူ့ဖခင်ဖွဲ့ခဲ့သော မဟာမိတ်ကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ သို့သော် များမကြာမီ အာရှုရိနှင့် အဆက်ဖြတ်ခဲ့သည်။ အကြောင်းမလှစွာပင် ဟေဇကိသည် အာရှုရိ ရန်မှ ကာကွယ်ရန်အတွက် ထာဝရ ဘုရားသခင်ကို အားကိုးသည်ထက် သူ့စစ်သည်အင်အား၊ ခံတပ်များ၊ အဲဂုတ္တု နှင့် ဖွဲ့သော မဟာမိတ်တို့ အပေါ် ကိုးစားခဲ့သည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် ဘုရားသခင်သည် ယုဒတိုင်းနိုင်ငံအပေါ် ကျိန်ခြင်းများ ကျရောက်စေတော့မည်ဖြစ်ကြောင်း နောက်တစ်ကြိမ် ဟောရှေ သတိပေးခဲ့ရပြီး အဆိုပါ ကျိန်ခြင်းတို့သည်လည်း အာရှုရိ ကျူးကျော်မှုအားဖြင့် နှစ်ပေါင်းများစွာကြာသည့်အခါ ရောက်လာခဲ့သည်။

သမ္မာကျမ်းစာ သမိုင်းကြောင်း၏ ဤအချိန်ကာလကို အချိန်များများယူပြီး လေ့လာခြင်းမပြုပါက အဆိုပါ အမည်များ၊ ရက်စွဲများ အားလုံးကြောင့် အလွယ်တကူ ရှုပ်ထွေးနိုင်ပါသည်။ သို့သော် ဟောရှေ အမှုဆောင်ကာလအတွင်း အဆိုပါ အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ကြောင်း သိနားလည်ခြင်းသည် ဟောရှေ စာစောင်ကို နားလည်ရာ၌ အရေးပါလှသည်။ ထို့ကြောင့် ခက်ခဲသင့်သလောက် ခက်ခဲနိုင်သော်ငြား ဘီစီ ၇၄၄ တွင် အာရှုရိတို့ တန်ခိုးထွားလာမည့်အကြောင်း ပရောဖက်ပြုချက်တို့အား ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်မှု ပရောဖက်ပြုချက်များမှငင်း။ ဘီစီ ၇၂၂ အာရှုရိ ကျူးကျော်မှု ပရောဖက် ပြုချက်များမှငင်း ခွဲခြား သိမြင်ရေးသည် အလွန်ပင် အရေးကြီးလှပါသည်။ ထိုအတိုင်း ကျွန်ုပ်တို့ ခွဲခြားခြင်းဖြင့် အဆိုပါ အချိန်ကာလ တစ်ခုချင်းစီအတွင်း ဘုရားသခင့် လူတို့ ရင်ဆိုင်ရသော အခက်အခဲများကို ဟောရှေ အမှုတော်က ရင်ဆိုင်ဖြေရှင်းရင်း မည်သို့ ဆယ်စုနှစ်များစွာ ကုန်ဆုံးခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့မြင်နိုင်ကြပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပရောဖက် ဟောရှေ အမှုတော်နှင့် ဆက်စပ်နေသည့် အချိန်၊ တည်နေရာ၊ ပြောင်းလဲနေသော အခြေအနေများ အကြောင်း ဆွေးနွေးပြီးသည့်နောက် ဟောရှေ ၏ ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ စဉ်းစားသင့်ကြပြီ ဖြစ်သည်။ ပရောဖက် တစ်ယောက်အနေဖြင့် ဘုရားသခင့် ဗျာဒိတ်တော်ကို ကြေညာခြင်းဖြင့် မည်သည့်အရာကို အောင်မြင်ပြီးမြောက်ဖို့ သူအားထုတ်ခဲ့ပါသနည်း။

## ရည်ရွယ်ချက်

အခြားသော စာစဉ်များထဲတွင် ဤမေးခွန်းအား ပိုမိုအသေးစိတ်ကျကျ ကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ယေဘူယျ ဝေါဟာရအားဖြင့် ဟောရှေကို ဘုရားသခင် ခေါ်ယူခဲ့သည်။ မည်သည့် ခေတ်ကာလမှာမဆို ကိုယ်တော် ၏ လူ ရှိသမျှတို့အား ခေါ်သည့်နည်းတူ ဖြစ်သည်။ မြေကြီးစွန်းတိုင်အောင် ဘုရားသခင့် နိုင်ငံတော်ကို ဖြန့်ကျက်ရာ၌ သူနှင့် ဆိုင်သည့် ကဏ္ဍကို လုပ်ဆောင်ရန် ဖြစ်သည်။ ဟောရှေ သိရှိခဲ့သလိုပင် ဘုရားသခင်သည် ကိုယ်တော် ၏ ပဋိညာဉ်များအရ ပြဌာန်းခဲ့သော မူဝါဒ စည်းမျဉ်းများအားဖြင့် နိုင်ငံတော် ဖြန့်ကျက်မှုကို စီစဉ်လုပ်ဆောင်ခဲ့သည်။ အာဒံနှင့် နောဧတို့၌ တိုင်းနိုင်ငံအားလုံးနှင့် အစပြု၍ ထို့နောက်တွင် အာဗြဟံ၊ မောရှေနှင့် ဒါဝိဒ်တို့ဖြင့် အထူးတလည် ဖွဲ့တော်မူသော ပဋိညာဉ်များဖြစ်သည့် အဓိက ပဋိညာဉ် ငါးခု၌ သူ၏ နိုင်ငံတော်ဆိုင်ရာ မူဝါဒများကို ဘုရားသခင် အတည်ပြုခဲ့ပြီး ဖြစ်ကြောင်း ဟောရှေ ကောင်းစွာ သတိပြုမိပြီး ဖြစ်သည်။ အဆိုပါ ပဋိညာဉ် တစ်ခုချင်းစီ၌ သီးသန့် အထူးပြုချက်ကိုယ်စီ ပါရှိသည်။ သို့သော် နောက်တွင် ဆက်ခံသော ပဋိညာဉ်တိုင်းသည် ရှေ့ကလာခဲ့ပြီးသည့် ပဋိညာဉ် မူဝါဒများအပေါ် ထပ်ဆင့်တည်ဆောက်ခြင်း၊ ပေါင်းစပ်ထည့်သွင်းခြင်းများကို ပြုကြသည်။ အဆိုပါ ပဋိညာဉ် မူဝါဒများအား ဘုရားသခင် မည်သို့ အကောင်အထည်ဖော်တော့မည်ကို ကြေညာရသည့် ဘုရား အထူး စေလွှတ်သူ သို့မဟုတ် သံတမန် အဖြစ် ထမ်းဆောင်ရသည့် အထူးတာဝန် ကဏ္ဍမျိုးသည် အခြားသော ပရောဖက်များနည်းတူ ဟောရှေမှာလည်း ရှိခဲ့သည်။

ဘုရားသခင့် ပဋိညာဉ် ရှိသမျှသည် ဟောရှေ အမှုတော် အတိုင်းအဆကို ပုံဖော်သည့် လူများနှင့် ဘုရားသခင့်အကြား အပြန်အလှန် ဆက်သွယ်မှုများ၏ အခြေခံကျသည့် မောင်းနှင်အား သုံးမျိုးကို ပြဌာန်းခဲ့သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ဦးစားပေးသည့်အနေဖြင့် အကျဉ်းချုပ်မျှကိုသာ လိုရင်း ပြောပါမည်။ ဦးစွာ ဘုရားသခင့် ပဋိညာဉ်ရှိသမျှတို့အား ဘုရားသခင့် ကောင်းကျိုးစေတနာပြခြင်း သို့မဟုတ် ဘုရားသခင် ကောင်းမြတ်ကြောင်းနှင့် သနားကြင်နာကြောင်း ပြသခြင်းများက တနည်းမဟုတ် တနည်း အစပြု အသက်ဝင်စေခဲ့ပြီး ဆက်လက်၍လည်း စောင့်မပေးခဲ့သည်။ ဒုတိယအားဖြင့် ဘုရားသခင့် ပဋိညာဉ် ရှိသမျှတို့သည် ကိုယ်တော် ၏ ကောင်းကျိုးစေတနာပြခြင်းကို ကျေးဇူးတင်စွာ တုန့်ပြန်သောအားဖြင့် သူ့လူတို့ထံမှ ဘုရားသခင် တောင်းဆိုသည့် သစ္စာစောင့်သိမှု အမျိုးမျိုးကို ရှင်းရှင်း ပြဆိုထားသည်။ နောက်ဆုံး တတိယအားဖြင့် ဘုရားသခင့် ပဋိညာဉ် ရှိသမျှတို့၌ ကိုယ်တော်၏ လူများ မျှော်လင့်ထားကြရမည့် အကျိုးဆက် နှစ်မျိုးနှစ်စား ပါဝင်ခဲ့သည်။ ၎င်းတို့မှာ နာခံမှုအတွက် ကောင်းချီးနှင့် မနာခံမှုအတွက် ကျိန်ခြင်းများ ဖြစ်ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထို့ကြောင့် ဣသရေလတို့ အနေဖြင့် ကိုယ်တော်နှင့် ဖွဲ့သော ပဋိညာဉ်ကို ဆက်လက် သစ္စာစောင့်သိဖို့ ဘုရားသခင် အလိုရှိခဲ့သည်။ ဘုရားသခင်နှင့် ဖွဲ့သော ပဋိညာဉ်ကို သူတို့ ဆက်လက် သစ္စာစောင့်သိမည်ဆိုပါက သူတို့အတွက် အရာရာ အဆင်ပြေချောမွေ့စေမည့်အကြောင်း ကိုယ်တော် ကတိထားတော်မူခဲ့သည်။ သို့သော် ကိုယ်တော် ၏ ပဋိညာဉ်ကို သူတို့ ဖောက်ဖျက်မည် ဆိုပါက သူတို့၌ ပြဿနာ တစ်စုံတစ်ရာ ရှိလာတော့မည် ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့ အသက်တာမှာလည်း အလားတူပင် ဖြစ်နေသည်။ ဘုရားသခင်နှင့် ဖွဲ့သော ပဋိညာဉ်ကို ကျွန်ုပ်တို့ သစ္စာစောင့်လျှင် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူ၍ ကျွန်ုပ်တို့အား လမ်းပြကာ ကျွန်ုပ်တို့အထဲတွင် ဆက်လက်အားထုတ်ပေးတော်မူပါလိမ့်မည်။

**Pastor Micah Ngussa**

ဘုရားသခင့် ပဋိညာဉ်များအတွက် ပရောဖက်ပြုရသည့် အထူးစေလွှတ်ခံရသူ တစ်ဦးအနေဖြင့် ဟောရှေသည် အဆိုပါ ပဋိညာဉ်ဆိုင်ရာ မောင်းနှင်အားတို့ကို ဦးဆောင်လမ်းညွှန်ရန် ဘုရားသခင် မည်သို့ စိတ်ပိုင်းဖြတ်ထားသည့်အကြောင်း ဗျာဒိတ်ဖော်ပြချက်များအား လက်ခံရရှိခဲ့သည်။ ထို့နောက် အဆိုပါ ဗျာဒိတ်ဖွင့်ပြချက်တို့ကို ဘုရားသခင့်လူတို့ထံ သူ ဆင့်ဆိုဟောပြောခဲ့သည်။ နှစ်ပေါင်းများစွာ အမှုဆောင်ခဲ့စဉ်အတွင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များအရ ဟောရှေကို စဉ်းစားပါက သူ့ ပရောဖက် အမှုတော် ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ ဤသို့ ဖွင့်ဆိုနိုင်ပါသည်။ ဟောရှေ၏ ရည်ရွယ်ချက်မှာ ဘီစီ ၇၄၄ တွင် အာရှုရိတို့ တန်ခိုးထွားလာမှု၊ ဘီစီ ၇၃၂ နှင့် ဘီစီ ၇၂၂ တို့တွင် အာရှုရိကျူးကျော်မှုတို့နှင့် စပ်လျဉ်းပြီး ဘုရားသခင့် ကောင်းကျိုးစေတနာ၊ လူသားများဖက်မှ သစ္စာစောင့်သိရေးနှင့် ကောင်းချီး၊ ကျိန်ခြင်း အကျိုးဆက်များတည်း ဟူသော ပဋိညာဉ် မောင်းနှင်အားတို့ကို ဘုရားသခင် မည်သို့ လက်တွေ့လုပ်ဆောင်ရန် ရည်ရွယ်ခဲ့ကြောင်း ကြေညာရန် ဖြစ်ခဲ့သည်။

ယခုတွင် *ပရောဖက်* ဟောရှေ ၏ နောက်ခံသမိုင်းကြောင်းကို ကျွန်ုပ်တို့ လေ့လာပြီး ဖြစ်၍ ဟောရှေ *ကျမ်းစာစောင်* ၏ နောက်ခံသမိုင်းဆီ ကျွန်ုပ်တို့ လှည့်နိုင်ကြပြီ ဖြစ်ပါသည်။

## ကျမ်းစာစောင်

ဟောရှေနှင့် သူ့တပည့်များသည် သူ့အမှုတော် ဆယ်စုနှစ်များ တစ်လျှောက် သူ့ ပရောဖက်ပြုချက် အမြောက်အများကို ကောင်းစွာ ချရေးထားခဲ့နိုင်ပါလိမ့်မည်။ သို့သော် ဟေဇကိမင်း အုပ်စိုးကာလ၊ သူ့ ဘဝ နှောင်းပိုင်းရောက်လာချိန်မှသာ ဟောရှေ အနာဂတ္တိကျမ်းဟု ယနေ့ ကျွန်ုပ်တို့ ခေါ်ဆိုကြသည့် ကျမ်းစာစောင် အဖြစ်သို့ သူ့ပရောဖက် ပြုချက်တို့ကို ဟောရှေ အဆုံးသတ် စုဆောင်း စီစဉ် ထည့်သွင်းခဲ့သည်။ ဤအချက်ကို ရှုမြင်ထိန်းသိမ်းခြင်းဖြင့် ဤကျမ်းစာစောင်အကြောင်း ထိုးထွင်းအမြင်များစွာကို ကျွန်ုပ်တို့ ရရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုထိ "ထိုလောက ကမ္ဘာ" ဟု ကျွန်ုပ်တို့ ခေါ်ဆိုသော လောက အကြောင်းကို ကျွန်ုပ်တို့ စူးစိုက်ခဲ့ကြပြီး ဖြစ်သည်။ ၎င်းသည် ဣသရေလနှင့် ယုဒ တိုင်းနိုင်ငံနှစ်ခုလုံးအတွက် ဘုရားသခင့်အထံတော်မှ ဗျာဒိတ်ဖွင့်ပြချက်များကို ဟောရှေ လက်ခံရရှိချိန် အာရှုရိအားဖြင့် တရားစီရင်မှုအတွင်း အမျိုးမျိုးသော အချိန်ကာလများပင် ဖြစ်သည်။ ဤနေရာတွင် "သူတို့၏ လောက ကမ္ဘာ" ဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ၎င်းသည် ယုဒခေါင်းဆောင်တို့အား ရောက်လာတော့မည့် အရာများအကြောင်း အသိဉာဏ် အလိမ္မာကို ပေးရန် အဆိုပါ ပရောဖက်ပြုချက်များကို ကျမ်းစာစောင်အဖြစ်သို့ ဟောရှေ ရွေးချယ်စီစဉ်ထည့်သွင်းသည့် အချိန်ပင် ဖြစ်သည်။

ထိုလောကကမ္ဘာနှင့် သူတို့ လောကကမ္ဘာတို့အား ဤသို့ ခွဲခြားသိမြင်ခြင်းသည် ဟောရှေကျမ်းကို နားလည်ရေးအတွက် အရေးပါသည်။ အကြောင်းမှာ အမှန်တွင် ဘီစီ ၇၂၂ ၌ ဣသရေလ နိုင်ငံတော် ပျက်သုဉ်းပြီးသည့် *နောက်* တွင်မှ ဟောရှေက သူ့ကျမ်းစာစောင်ကို ရေးသားပြုစုခဲ့၍ ဖြစ်သည်။ ထို့ကြောင့် မြောက်ပိုင်း ဣသရေလအတွင်း အသက်ရှင် လွတ်မြောက်ခဲ့သူတို့အတွက် အရေးကြီးသည့် သက်ရောက်မှုများကို ဟောရှေကျမ်းက ပေးနေလင့်ကစား သူ အဓိကထားရေးခဲ့သည်မှာ ယုဒနိုင်ငံ ခေါင်းဆောင်များအတွက် ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ကြရမည်ဖြစ်သလို ဘီစီ ၇၀၁ တွင် အာရှုရိ ကျူးကျော်မှု ပြဿနာကို ရင်ဆိုင်ရသည့် ဟေဇကိမင်းနှင့် ယုဒ တိုင်းနိုင်ငံ၏ အခြားသောခေါင်းဆောင်များ လိုက်နာရန် ဉာဏ်ပညာလမ်းစဉ်ကို ချပေးရန်အတွက် သူ့ အမှုတော် ကာလတစ်လျှောက် ပြုခဲ့သည့် ပရောဖက်ပြုချက်များကို သူချရေးခဲ့ခြင်း ဖြစ်သည်။

ဤအချက် မှန်ကန်ကြောင်းကို သိမြင်ရန် ရှေ့က ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည်များနောက်သို့ လိုက်ပြီး ဟောရှေကျမ်း ၏ နောက်ခံသမိုင်း အင်္ဂါရပ် လေးခုကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ၎င်းတို့မှာ ကျမ်းရေးသားချိန်၊ ရေးသားသည့် နေရာဌာန၊ ရေးသားချိန်၌ ဖြစ်ပျက်နေခဲ့သည့် အခြေအနေများ နှင့် ကျမ်း ရေးသားရခြင်း ရည်ရွယ်ချက်တို့ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ စာစောင် ရေးသားချိန်နှင့် အစပြုကြပါစို့။

## အမှုဆောင်သည့် အချိန်ကာလ

အစကတည်းကပင် ဟောရှေ ကျမ်းသည် ဘာဗုလုန် ကျွန်ခံကာလ နှောင်းပိုင်း သို့မဟုတ် ဘာဗုလုန်ကျွန်ဘဝမှ လွတ်မြောက်ပြီးသည့်ကာလ၊ များစွာ မကြာမြင့်လှသေးသော အချိန်ထိတိုင်အောင် တည်းဖြတ်သုတ်သင်မှု အမြောက်အများကို ဖြတ်သန်းခဲ့ရကြောင်း ဝေဖန်သုံးသပ် ပညာရှင်တို့က စံထား မှတ်ယူကြသည်။ အကျိုးရလာဒ်အားဖြင့် ကျွန်ုပ်တို့လက်ထဲရှိ ကျမ်းစာစောင်ထဲက အစိတ်အပိုင်း အချို့သည်သာ ဟောရှေ ကိုယ်တိုင်ထံမှ ဇာစ်အမှန်လာခဲ့ကြောင်း ဝေဖန်သုံးသပ်ပညာရှင် အများစုက ယုံကြည်ကြသည်။ ဟောရှေ လွန်ပြီးနောက် နှစ်များစွာကြာပြီးမှ ပြင်ဆင် ဖြည့်စွက်သူ၊ တည်းဖြတ်သူများက သူတို့၏ ကိုယ်ပိုင် အချက်အလက်များစွာကို စာစောင်ထဲ ထည့်သွင်းခဲ့ကြကြောင်း သူတို့ ငြင်းချက်ထုတ်ကြသည်။ သို့သော် ဝေဖန်သုံးသပ် ပညာရှင်တို့ ယေဘူယျအားဖြင့် အဆိုပါ ကောက်ချက်များ ချကြရသည့်အကြောင်းမှာ အနာဂတ်အကြောင်း သဘာဝလွန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဗျာဒိတ်ဖွင့်ပြချက်များကို ဘုရားသခင့် ထံတော်မှ ဟောရှေ လက်ခံရရှိကြောင်း ထိုသူတို့ လက်မခံငြင်းဆန်သောကြောင့် ဖြစ်ရသည်။

၎င်းနှင့် ဆန့်ကျင် ခြားနားစွာပင် ဟောရှေ ပရောဖက်ပြုချက်သည် သဘာဝလွန် မှုတ်သွင်းချက်ဖြစ်ကြောင်း ဧဝံဂေလိ ယုံကြည်သူများက ယုံကြည်ကြသည်။ ထို့ကြောင့် ဟောရှေကျမ်းတစ်ခုလုံးသည် ဟောရှေ ကိုယ်တိုင် ဘုရားသခင်ထံမှ လက်ခံရရှိသည့် အရာတို့ကို ဧကန်အမှန်ကိုယ်စားပြုကြောင်း ကျွန်ုပ်တို့ အခိုင်အမာ ပြောဆိုကြပါသည်။ ထို့အပြင်ဤအကြောင်းကြောင့်ပင် ဧဝံဂေလိ ယုံကြည်သူတို့သည် စာစောင် ရေးသားပြုစုပြီးချိန်အားများစွာစော၍ သတ်မှတ်လေ့ ရှိသည်။

ဧဝံဂေလိ ယုံကြည်သူ ရှုထောင့်မှ ဆိုလျှင် ဟောရှေ ၁း၁ သည် ယုဒ ဘုရင် ဟေဇကိမင်းကိုဖော်ပြထားသည်ဖြစ်၍ အစောဆုံး ဖြစ်နိုင်သည့် ရေးသားပြီးချိန်ကို သတ်မှတ်၍ ရနိုင်ပါသည်။ ကျွန်ုပ်တို့စာစောင်ကို ရေးချိန်တွင် ဟေဇကိမင်း သက်ရှိထင်ရှား ရှိမနေခဲ့ပါလျှင် ရှင်ဘုရင် စာရင်းထဲ ဟေဇကိကိုထည့်ထားဖွယ်အကြောင်း ရှိခဲ့လိမ့်မည် မဟုတ်သည်မှာ သိသာထင်ရှားပါသည်။ ထို့ကြောင့်ဟောရှေစာစောင်ကို အစောဆုံး ရေးသားပြုစုပြီးချိန်သည် ဘီစီ ၇၁၅ ၌ ဟေဇကိ ပူးတွဲအုပ်စိုးသူဖြစ်ချိန်နှင့် ဘီစီ ၆၈၆ ၌ အုပ်စိုးမှု အဆုံးသတ်ချိန်တို့အကြား တစ်ချိန်ချိန်ကို သတ်မှတ်ပါကသင့်မြတ်ပါသည်။

> သူ့စာစောင်ကို ဟောရှေ မည်သည့်အချိန်တွင် အပြီးသတ်ကြောင်း၊ သို့မဟုတ် သမ္မာကျမ်းစာထဲ ကျွန်ုပ်တို့မှာ ရှိနေသည့် ပုံစံဖြစ်အောင် အဆုံးသတ်ခဲ့ကြောင်း ကျွန်ုပ်တို့ အပ်ကျမတ်ကျ မပြောနိုင်ပါ။ သို့သော် ဟောရှေ ဘ၀ အဆုံးသတ်ကာနီးလောက်တွင် အဖြစ်အပျက်တစ်ခု ရှိနေသည်။ အမှန်စင်စစ် သူနောက်ဆုံး ခစားခဲ့သော ရှင်ဘုရင် လက်ထက်တွင် ဖြစ်ပြီး ထိုရှင်ဘုရင်မှာ ဟေဇကိ ဖြစ်သည်။ ဟေဇကိကို အကြောင်းအရာများစွာကြောင့် လူသိများကြသည်။ သို့သော် သမ္မာကျမ်းသမိုင်းတွင် အရေးအကြီးဆုံး သို့မဟုတ် မှတ်သားဖွယ်အကောင်းဆုံး ဟု ဆိုရလောက်အောင် တွေ့ကြုံခဲ့ရသည်မှာ အာရှုရိ ရှင်ဘုရင် သေနာခရိပ်၏ ကျူးကျော်မှု ဖြစ်သည်။ သေနာခရိပ်သည် ယုဒပြည်ကို အမှန်တကယ်ပင် ဖျက်ဆီးခဲ့သည်။ လူတို့ အသက်လု ပြေးလွှားခဲ့ကြရသည်။ မိက္ခာ အခန်းကြီး ၁ ထဲတွင် ဤအကြောင်း သင်ဖတ်နိုင်သည်။ ယုဒပြည်သို့ သူ ယူဆောင်လာသော ဖျက်ဆီးမှုကြီး အကြောင်း ဖြစ်သည်။ သို့သော် ထိုမျှလောက်နှင့် မရပ်တန့်ခဲ့ပေ။ ယေရုရှလင်ကို အမှန်ပင် သူဝန်းရံပိတ်ဆို့ခဲ့ပြီး ဖြိုဖျက်ရန် လုပ်ခဲ့သည်။ ယုဒပြည်သို့ သေနာခရိပ် ကျူးကျော်ပြီး ယေရုရှလင်ကို ဝန်းရံ ပိတ်ဆို့ကာ ဘုရားသခင့် မြို့တော်လည်းဖြစ်၊ ဒါဝိဒ် မြို့တော်လည်း ဖြစ်သော ကမ္ဘာ့ မင်းနေပြည်တော်ကို ဖြိုဖျက်ခြင်းသည် လွန်စွာမှ အရေးပါလှရကား ထိုအချိန်က ယုဒသမိုင်းတွင် အရာရာအား အထွတ်အထိပ်သို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ရောက်လာစေခဲ့သည်။ အရာရာသည် အချိန်မရွေး အပြောင်းအလဲဖြစ်နိုင်သည့် အခြေအနေတွင် ရှိခဲ့သည်။ ယေရုရှလင်မြို့ ကျဆုံးသွားတော့မည်လား။ ဟေရှာယသည် ထိုအချိန်အတွင်း ပရောဖက်ပြုခဲ့ပြီး ဟောရှေကလည်း ထိုအချိန်တွင် သူ့စာစောင်ကို ရေးခဲ့ဖွယ်ရှိသည်။ အကြောင်းမှာ ဟောရှေကျမ်းအတွင်း ၁း၁ ၌ ဖော်ညွှန်းထားသော နောက်ဆုံးဘုရင်မှာ ဟေဇကိမင်း ဖြစ်သောကြောင့်ပေတည်း။
>
> **Dr Richard L. Pratt, Jr.**

ဟောရှေကျမ်းကို နောက်အကျဆုံး ရေးသားပြုစုခဲ့သည့် အချိန်ကိုလည်း ဟေဇကိ မကွယ်လွန်မီ အဖြစ်နိုင်ဆုံး သူ့အုပ်စိုးကာလနှောင်းပိုင်းအတွင်း ကျွန်ုပ်တို့ သတ်မှတ်နိုင်သည်။ သူ့စာစောင်ကို ကူညီရေးသားပြုစုရန် သူ့တပည့်များကို ဟောရှေ အသုံးပြုခဲ့ဖွယ် ရှိကြောင်း ဝေဖန်သုံးသပ် ပညာရှင်တို့ ထောက်ပြချက်သည် မှန်ကန်မှု ရှိပါသည်။ သူ့တပည့်များကို ဟောရှေ အားကိုးခဲ့ကြောင်း အထောက်အထားများအား နေရာအနှံ့တွင် ကျွန်ုပ်တို့ တွေ့ရသည်။ ယေရမိ ၃၆း၄ တွင် ယေရမိက သူ့တပည့် ဗာရုတ်ကို အားကိုးခဲ့ပုံနှင့် များစွာ ဆင်တူသည်။

သာဓကအားဖြင့် ဟောရှေ ၁း၂-၉ သည် ကိုယ်ရေး အထ္ထုပ္ပတ္တိ ဖြစ်နေကြောင်း ဆင်ခြင်ကြည့်ပါ။ ဟောရှေ ၏ ပြုမူပုံတို့အား တတိယ ပုဂ္ဂိုလ်နေရာမှ ဖော်ပြထားသည်။ "ဤအရာကို *ဟောရှေ* ပြောဆိုသည်" "ထိုအရာကို *သူ* လုပ်သည်" စသည်ဖြင့် ဖြစ်သည်။ သို့သော် ၃း၁-၃ သည် ကိုယ်တိုင်ဖော်ပြသည့် *ကိုယ်တိုင်ရေး* အထ္ထုပ္ပတ္တိ ဖြစ်သည်။ ဟောရှေ ၏ ပြုမူပုံတို့အား ပထမ ပုဂ္ဂိုလ် နေရာမှ ဖော်ပြထားသည်။ "ဤအရာကို *ငါ* ပြုသည်" "ထာဝရ ဘုရားသခင် *ငါ့အား* မိန့်တော်မူသည်" စသည်ဖြင့် ဖြစ်သည်။ သူရေးသော ကိုယ်ရေး အထ္ထုပ္ပတ္တိမှ ကိုယ်တိုင်ရေး ကိုယ်ရေး အထ္ထုပ္ပတ္တိသို့ ကူးပြောင်းမှုက စာစောင် ရေးသားပြုစုရာတွင် ဟောရှေ ၏ တပည့်များ ပါဝင်ပတ်သက်ခဲ့သည် ဆိုသည့်အချက်ကို ထင်ဟပ်နေပုံ ရသည်။

သို့သော် ဝေဖန် သုံးသပ် အနက်ဖွင့်သူတို့ ယူဆထားသည်နှင့် ဆန့်ကျင်ခြားနားစွာပင် ဟောရှေအနိစ္စရောက်သည့်နောက် သူ့တပည့်များက ဟောရှေ ၏ စကားများကို တည်းဖြတ်ခြင်း သို့တည်းမဟုတ် အကြောင်းအရာသစ်များ ထပ်ဖြည့်ခြင်းတို့ကို ပြုခဲ့ကြကြောင်း အပြုသဘောဆောင်သည့် အထောက်အထားများမှာမူ ကျမ်းစာထဲတွင် ရှိမနေပါ။ ထို့ပြင် ဧကန်စင်စစ် ဟောရှေ တပည့်များက ဟောရှေ သေပြီးနောက်မှ စာအုပ်ကို အဆုံးသတ်ခဲ့လျှင်ပင် ဟောရှေသို့ ဘုရားသခင် ဖွင့်ပြခဲ့သည့် ဗျာဒိတ်ဖွင့်ပြချက်များမှ သူတို့ သွေဖည်သွားခဲ့ခြင်း မရှိပါ။ ၁း၁ ပါ စာစောင် ခေါင်းစဉ်က ကျမ်းတစ်ခုလုံး၌ "ဟောရှေသို့ ရောက်လာသော ထာဝရ ဘုရား၏ နှုတ်ကပတ်တော်" ပါရှိကြောင်း ရိုးရှင်းစွာ ဖော်ပြထားသည်။

အဆိုပါ အကြောင်းများကြောင့် ကျွန်ုပ်တို့၏ ကျမ်းစာစောင်သည် ဟေဇကိမင်းလက်ထက်တွင် ရေးသားပြုစုခဲ့ကြောင်း ကျွန်ုပ်တို့ မှန်ကန်စွာ ကောက်ချက် ချနိုင်ပါသည်။ အဓိပ္ပာယ်မှာ ဟောရှေ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျမ်းသည် ဟောရှေ အနိစ္စရောက်ကာနီးဆဲဆဲ ဘီစီ ၆၈၆ မတိုင်မီလောက်တွင် ရေးသားပြီးစီးနိုင်ခဲ့ဖွယ် ရှိသည်ဟု ဆိုလိုရင်း ဖြစ်သည်။

ဟောရှေ ကျမ်း ပြီးစီးချိန်အတွက် အချိန်မှုဘောင် ချမှတ်ခြင်းနှင့် အတူ ၎င်းကို ရေးသားပြုစုရာ တည်နေရာကိုလည်း ဖော်ထုတ်သင့်ပါသည်။

## တည်နေရာ

ကျွန်ုပ်တို့ ဖော်ပြပြီးခဲ့သလိုပင် ဟောရှေသည် ယေရောဗောင် ၂ အုပ်စိုးကာလပြီးဆုံးကာနီးတွင် ယုဒပြည်သို့ ပြောင်းရွှေ့လာခဲ့ဖွယ် ရှိပါသည်။ ဘီစီ ၇၂၂ တွင် ဣသရေလ နိုင်ငံတော် ကျဆုံးပြီးနောက် ဟေဇကိမင်း လက်ထက်တိုင်အောင် သူအသက်ရှင်နေခဲ့ကြောင်း သိရှိရသောကြောင့် ဟောရှေသည် သူ့ကျမ်းအား ယုဒပြည်တွင် ရေးသားပြုစုခဲ့ကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ကြပါသည်။

ဟောရှေ ကျမ်းကိုယ်တိုင်က ၁း၁ တွင် များစွာ ဝန်ခံထားသည်။ ဤအခန်းငယ်သည် ဣသရေလ နိုင်ငံ ရှင်ဘုရင် ယေရောဗောင် ၂ ကို အမည်ဖြင့် မဖော်ပြမီ ယုဒပြည်ရှင်ဘုရင်များ ဖြစ်ကြသည့် သြဇိမင်း၊ ယောသံမင်း၊ အာခတ်မင်း၊ ဟေဇကိမင်းတို့ကို စာရင်းပြုထားသည်။ ယုဒ ဘုရင်များကို ဦးစွာ စာရင်းသွင်းခြင်းဖြင့် ဒါဝိဒ် နန်းဆက် အခွင့်အာဏာအောက်၌ ယုဒပြည်အတွင်း သူ့စာစောင်ကို သူရေးခဲ့ကြောင်း ဟောရှေက ရည်ရွယ်ချက်ရှိရှိ ဝန်ခံထားသည်။ ထို့ကြောင့် ဟောရှေ ပရောဖက်ပြုချက်တို့သည် မြောက်ပိုင်းဣသရေလ နိုင်ငံအပေါ် စူးစိုက်ထားသော်ငြား သူ့စာစောင်အား တောင်ပိုင်း ယုဒနိုင်ငံတော်အတွင်း သူ *ရေးသားခဲ့သည်။*

ယခုတွင် ဟောရှေကျမ်း ရေးသားပြုစုချိန်နှင့် ရေးသားသည့် တည်နေရာတို့အား လေ့လာခဲ့ပြီး ဖြစ်၍ ဟောရှေနှင့်တကွ စာစောင်ကို ကနဦး လက်ခံရရှိသည့် ယုဒပြည်မှ လူတို့ ရင်ဆိုင်နေခဲ့ကြရသည့် အခြေအနေများဆီ ကျွန်ုပ်တို့ လှည့်ကြပါစို့။

## အခြေအနေများ

အစောပိုင်း ကျွန်ုပ်တို့ ပြောခဲ့သလို သူ့စာစောင်ကို ဟောရှေ ရေးချိန်တွင် သူ့ဇာတိမြေအဖြစ် ခံယူလိုက်သည့် တောင်ပိုင်းယုဒပြည်သည် အာရှုရိတို့၏ ခြိမ်းခြောက်မှုကို သူ့နည်းသူ့ဟန် ဖြေရှင်းနေရချိန် ဖြစ်သည်။ ဟေဇကိမင်း အုပ်စိုးကာလ ဘီစီ ၇၀၁ တွင် အာရှုရိ ရှင်ဘုရင် သနာခရိပ်မင်းသည် ယုဒပြည်ကို ကျူးကျော်ခဲ့သည်။ ထို့ကြောင့် ဟောရှေ ပရောဖက်ပြုချက် အများစုသည် အာရှုရိလူတို့အားဖြင့် မြောက်ပိုင်းဣသရေလကို ဆုံးမရာ ဒဏ်စီရင်ချက်များ အကြောင်း ဖြစ်သော်လည်း အာရှုရိ အားဖြင့် ဒဏ်စီရင်ချက်သည် ယုဒအပေါ် ကျရောက်လာသည့် အနေဖြင့် ယုဒကို လမ်းညွှန်ပဲ့ပြင်ရာရောက်အောင် သူ့စာစောင်ကို ရည်စူးခဲ့သည်။ ဤအကြောင်းကြောင့်ပင် သနာခရိပ် ကျူးကျော်မှုကို ဝန်းရံနေသော အဖြစ်အပျက်များနှင့် ကျွန်ုပ်တို့ အကျွမ်းတဝင်ရှိဖို့ လိုပါသည်။

ရှင်ဘုရင်များ၏ ရာဇဝင်ကျမ်း မှတ်တမ်းများနှင့် ရာဇဝင်ချုပ် စာစောင်များသာမက မိက္ခာနှင့် ဟေရှာယ တို့၏ ပရောဖက်ပြုချက်များသည် ဟေဇကိမင်း အုပ်စိုးမှု ၏ ပုံရိပ်ကို ရှုပ်ထွေးစွာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖွဲ့စည်းပေးထားကြသည်။ အစောပိုင်းကာလကပင် ဟေဇကိသည် ယုဒပြည်၌ ပြုပြင်ပြောင်းလဲရေးကို ဦးဆောင်ခဲ့ပြီး ယုဒပြည်ကို ခိုင်ခံ့အောင် ပြုခဲ့သဖြင့် အာရှုရိ ရှင်ဘုရင်သစ် သနာခရိပ် နန်းတက်သည့်အခါ ဟေဇကိက အခွန်ဆက်ဖို့ ငြင်းဆန်ခဲ့သည်။ သို့သော် အာရှုရိတို့ ၏ လက်တုန့်ပြန်မည့် ခြိမ်းခြောက်မှု ကြီးထွားလာသည့်အခါ ဟေဇကိမင်းသည်လည်း ဘုရားသခင်ကို ကိုးစားရန် ပျက်ကွက်ခဲ့တော့သည်။ အဲဂုတ္တု နှင့်တကွ ၎င်းတို့၏ ဘုရားများနှင့် မဟာမိတ်ဖွဲ့မှုအားဖြင့် လုံခြုံမှုကို သူ ရှာဖွေလာတော့သည်။ သို့သော် ဤကြိုးစားမှုသည် အချည်းနှီးသာ ဖြစ်ခဲ့သည်။ သနာခရိပ်က ယုဒပြည်ကို ကျူးကျော်ကာ မြို့ပြကျေးရွာ အများအပြားကို ဖျက်ဆီးပြီး ယေရုရှလင်မြို့ကိုပါ ဝန်းရံလုပ်ကြံခဲ့သည်။ သို့သော် ယေရုရှလင်မြို့ ကျဆုံးတော့မည့်ပုံ ရှိလာချိန်တွင် ဟေဇကိမင်းသည် ထာဝရ ဘုရားသခင်ထံ ဆုတောင်းခဲ့သည်။ ပရောဖက် ဟေရှာယကလည်း ဘုရားသခင် ကယ်လွှတ်မည့်အကြောင်း သူ့အား စိတ်ချမှု ပေးခဲ့သည်။ ၄ ဓမ္မရာဇဝင် ၁၉:၃၃-၃၄ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ–

> (သနာခရိပ်သည်) လာသောလမ်းဖြင့် ပြန်သွားရမည်။ မြို့ထဲသို့ မဝင်ရ။ ငါသည် ကိုယ်မျက်နှာကိုငှး၊ ငါ့ကျွန်ဒါဝိဒ် မျက်နှာကိုငှး ထောက်၍ ဤမြို့ကို ကယ်တင်ခြင်းငှာ စောင့်မမည် ဟု ထာဝရ ဘုရားမိန့်တော်မူ၏ (၄ ဓမ္မ ၁၉း၃၃-၃၄)။

ဘုရားသခင့် ကရုဏာတော်အားဖြင့် ဟေရှာယ၏ ပရောဖက်ပြုချက်သည်လည်း ပြည့်စုံခြင်းသို့ ရောက်ရှိလာခဲ့တော့သည်။ သနာခရိပ်လက်မှ ယေရုရှလင်မြို့အား ဘုရားသခင်က အံ့ဖွယ်တန်ခိုးအားဖြင့် ကယ်လွှတ်ခဲ့သည်။

> ဣသရေလ သမိုင်းအတွင်း အရေးအကြီးဆုံးသမိုင်းဝင် အဖြစ်အပျက်တစ်ခုမှာ ယုဒ ရှင်ဘုရင် ဟေဇကိကို တိုက်ခိုက်ရန် အာရှုရိ ရှင်ဘုရင် သနာခရိပ် ရောက်ရှိလာချိန် ဖြစ်ပျက်သည့် အဖြစ်အပျက် ဖြစ်သည်။ ယုဒပြည်ကို ဆန့်ကျင် တိုက်ခိုက်ရန် သူ လာရောက်သည်။ အခြေခံအားဖြင့် ယုဒ မြို့ရွာအားလုံးကို သူ သိမ်းယူသည်။ အမှန်စင်စစ် ကျန်နေသည့် မြို့မှာ တစ်မြို့သာ ရှိသည်။ ၎င်းသည် ယေရုရှလင်မြို့ ဖြစ်သည်။ သူလုပ်ဆောင်သည့်အရာသည် အခြေခံအားဖြင့် "သင့်ဘုရားသည်လည်း အခြားဘုရားများလို အတူတူနှင့် အနူနူသာ ဖြစ်သည်။ အခြားသော ဘုရားရှိသမျှကို ငါနှုတ်ပယ်ပစ်ခဲ့သလို ဣသရေလတို့ ၏ ဘုရားသခင် ထာဝရ ဘုရားကိုလည်း ငါနှုတ်ပယ်ပစ်မည်" ဟု ပြောဆိုခြင်း ဖြစ်သည်။ ကောင်းကင်ဘုံရှင် ထာဝရ ဘုရားကို ဆန့်ကျင်ပြီး အလွန်ပင် ထောင်လွှားမော်ကြွားစွာ သူပြောဆိုသောကြောင့် ဘုရားသခင်က "ငါသည် သနာခရိပ်အား ငါ့တန်ခိုးကို ပြမည်" ဟု မိန့်ဆိုရတော့သည်။ ထို့ကြောင့် ကိုယ်တော်ပြုသည့် အရာမှာ ဣသရေလကို အံ့ဖွယ်တန်ခိုးဖြင့် ကယ်နုတ်ခြင်းဖြစ်သည်။ ကိုယ်တော်သည် အာရှုရိ စစ်တပ်ကြီးကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒဏ်ခတ်တော်မူသောကြောင့် စစ်သည် ၁၈၅, ၀၀၀ ဦး သေကြေရတော့သည်။ အာရှုရိ ပြည်သို့ သူ တပ်ပြန်ခေါက်သည်။ နောက်မှာကျန်ခဲ့သည့် သူ့တိုင်းပြည်မှာ ပုန်ကန်ထကြွမှုဖြစ်ကြောင်း သတင်းကြားရ၍ ဖြစ်နိုင်သည်။ အာရှုရိ သမိုင်း မှတ်တမ်းများအရ ကျွန်ုပ်တို့ သိရသည်မှာ အာရှုရိတို့သည် ဟေဇကိအား လှောင်အိမ်ထဲကငှက်လို လှောင်ပိတ်ထားကြောင်း ပြောလိုက ပြောပေလိမ့်မည်။ သို့သော် ဟေဇကိကို တိုက်ခိုက်အောင်မြင်ကြောင်း မည်သည့်အခါမျှ ပြောဆိုဖူးခြင်း မရှိပေ။ အာရှုရိ စာပေတွင် ၎င်းသည် ဝါဒဖြန့်ချီမှု သက်သက်သာ ဖြစ်ကြောင်း သတိရဖို့ လိုပါသည်။ သူတို့၏ ရှုံးနိမ့်မှုကို သူတို့ မည်သည့်အခါတွင်မျှ ဝန်ခံခြင်း မရှိပါ။ ထို့ကြောင့် ဟေဇကိအား ငှက်ကဲ့သို့ လှောင်အိမ်ထဲ လှောင်ထားသည်ဟု ဆိုရုံမျှသည် ဟေဇကိကို သူတို့ မအောင်မြင်ခဲ့ကြောင်း သူတို့ အမှန်တကယ် ဝန်ခံနေခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ အာရှုရိ မှတ်တမ်းများကပင် ဤအချက်ကို ဝန်ခံထားသည်။

**Dr Russell T. Fuller**

ယေရုရှလင်မြို့ ကယ်နုတ်ခံရမှုသည် ယုဒနိုင်ငံအပေါ် ထားရှိသည့် ဘုရားသခင့် မျက်နှာသာပေးမှုအား မည်မျှလောက် ထင်ရှားဖော်ပြခဲ့သည် ဆိုသည့်အချက်ကို ချဲ့ကားပြောဆိုချက်အဖြစ် ယူဖို့ ခက်ပါသည်။ သို့သော် ထိုမျှလောက် အံ့ဖွယ်ကောင်းနေစေကာမူ ဟေဇကိမင်း၏ ဒုက္ခများမှာ အဆုံးမသတ်သွားသေးပါ။ သနာခရိပ် မိမိနေရပ် ပြန်ရောက်သည့်နောက် ဟေဇကိသည် အာရှုရိတို့ ထပ်မံကျူးကျော်လာဦးမည်ကို ကြောက်ရွံ့နေဆဲ ဖြစ်ခဲ့သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဘုရားသခင်ကို ကိုးစားရမည့်အစား ဟေဇကိမင်းသည် သူ့လမ်းဟောင်းများအတိုင်း ပြန်သွားခဲ့ပြီး အခြားသော မဟာမိတ်ကို ရှာကြံခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင် အဲဂုတ္တုနှင့် မဟုတ်တော့ဘဲ တန်ခိုးထွားလာသော ဘာဗုလုန် နိုင်ငံတော်နှင့် မိတ်သဟာယ ဖြစ်လာခဲ့သည်။ ယေရုရှလင်မြို့ အံ့သြဖွယ် ကယ်လွှတ်ခံရပြီးသည့်နောက် ဘုရားသခင်ကို ကိုးစားဖို့ ဟေဇကိ ငြင်းဆိုခြင်းသည် ဘုရားသခင်အပေါ် သစ္စာမဲ့ကြောင်း အလေးအနက် ဖော်ပြရာ ရောက်ခဲ့သည်။ ထို့ပြင် ပရောဖက် ဟေရှာယ ကလည်း ယုဒပြည်ရှိ တော်ဝင် ရတနာများသည် ဘာဗုလုန်သို့ ယူဆောင်သွားခြင်းကို ခံရလိမ့်မည် ဖြစ်ကြောင်း အလျှင်အမြန် ခြိမ်းခြောက်ခဲ့ရသည်။ ၄ ဓမ္မ ၂၀း၁၇-၁၈ ပါ ဟေရှာယ၏ စကားများကို နားထောင်ကြည့်ပါ။

> နန်းတော်၌ ရှိသမျှကိုငင်း၊ ယနေ့တိုင်အောင် ဘိုးဘေးတို့သည် ဆည်းပူးသမျှကိုငင်း၊ ဘာဗုလုန်မြို့သို့ ယူသွားရသော ကာလသည် ရောက်လိမ့်မည်။ တစ်စုံတစ်ခုမျှ မကျန်ကြွင်းရ ဟု ထာဝရ ဘုရားမိန့်တော်မူ၏။ သင်နှင့် နွယ်၍ ရသော သားမြေးတို့ကိုလည်း ယူသွား၍ သူတို့သည် ဘာဗုလုန် ရှင်ဘုရင်၏ နန်းတော်၌ လူပျိုတော် လုပ်ကြလိမ့်မည် (၄ ဓမ္မ ၂၀း၁၇-၁၈)။

အကြောင်းမလှစွာပင် ဟေရှာယထံမှ အဆိုပါ စကားတို့ကို ဟေဇကိ ကြားသည့်အခါ ဘုရားသခင်အပေါ် သစ္စာမဲ့မှုအတွက် သူနောင်တမရခဲ့ပါ။ ထိုအစား ယုဒပြည်အပေါ် ကျရောက်မည့် ဤ တရားစီရင်ချက်သည် သူ့ကာလတွင် လာရောက်ဦးမည် မဟုတ်သောကြောင့် သူ စိတ်သက်သာရာ ရကြောင်းကိုသာ သူ ပြောဆိုခဲ့သည်။

ဘီစီ ၇၀၁ တွင် ယေရုရှလင်မြို့ ကယ်နုတ်မခံမီနှင့် ကယ်နုတ်ခံပြီးသည့်နောက် ဘုရားသခင်ကို သစ္စာစောင့်သိဖို့ ဟေဇကိ ပျက်ကွက်ခဲ့မှုများသည် အရှိန်အဟုန် ကြီးမားလှရကား ၎င်းတို့သည် ဟောရှေအား  ကျမ်းစာစောင် ရေးသားပြုစုရန် တိုက်တွန်း လှုံ့ဆော်ပေးခဲ့ဖွယ်ရှိသည်။  တစ်ဖက်တွင် သနာခရိပ် လက်မှ ယေရုရှလင် ကယ်နုတ်မခံရမီ တစ်ချိန်ချိန်တွင် သူ့စာစောင်ကို ဟောရှေ ရေးခဲ့ဖွယ် ရှိသည်။ သနာခရိပ်၏ တိုက်ခိုက်မှုများနှင့် ယေရုရှလင်ကို ဝန်းရံ လုပ်ကြံမှုတို့က ပရောဖက်ပြုချက် တစ်ပြုံတစ်မကို ယူဆောင်လာသည်။  သနာခရိပ်က ယေရုရှလင်ကို တိုးတက်လုပ်ကြံလာသည်နှင့်အမျှ ဟေဇကိ၏ အားနည်းပျက်ကွက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ဤအတောအတွင်း သူ့စာစောင်ကို ဟောရှေ ရေးသားဖို့ ဘုရားသခင် သူ့ကို ခေါ်ယူခဲ့ခြင်းသည် အတော်ပင် ဖြစ်နိုင်ခြေ ရှိသည်။

အခြားတစ်ဖက်တွင်လည်း ယေရုရှလင်မြို့ ကယ်နုတ်ခံရပြီးသည့်နောက် များမကြာမီ သူ့စာစောင်ကို ဟောရှေ ရေးသားပြုစုခဲ့သည် ဆိုခြင်းမှာလည်း ဖြစ်နိုင်ခြေ ရှိနေသည်။   ကျွန်ုပ်တို့ ဖော်ပြခဲ့သလို ယေရုရှလင်မြို့ကို ဘုရားသခင် ကယ်နုတ်ခဲ့ပြီးသော်ငြားလည်း ဟေဇကိသည် ဘုရားသခင့်အပေါ် ဆက်လက်သစ္စာစောင့်သိရန် ပျက်ကွက်ခဲ့ပြီး ထိုအစား ဘာဗုလုန်နှင့် မဟာမိတ်ဖွဲ့ရေးကိုသာ ရှာကြံခဲ့သည်။  ထိုသို့သောအားဖြင့် ယုဒပြည် ၏ အနာဂတ်သည်လည်း ဘုရားသခင် အပေါ် ဟေဇကိ ၏ သစ္စာမဲ့မှုကြောင့် အန္တရာယ် ရှိလာခဲ့သည်။  သို့ဖြစ်၍ သနာခရိပ်လက်မှ ယေရုရှလင် မလွတ်မြောက်မီ သို့မဟုတ် လွတ်ပြီးနောက်တွင် သူ့စာစောင်ကို ဟောရှေ ရေးခဲ့ဖွယ် ရှိသည်။

ဟောရှေ စာစောင်ကို ရေးသားပြုစုချိန်၊ ရေးသားသည့် တည်နေရာ၊ ရေးသားပြုစုစဉ် ရင်ဆိုင်နေရသည့် အဖြစ်အပျက်များ အကြောင်းကို ထည့်စဉ်းစားလျှင် စာစောင်ကို ခြုံငုံလွှမ်းမိုးနေသော ရည်ရွယ်ချက်ကို နားလည်ရန် မခက်ခဲပါ။ ဟောရှေ ကိုယ်တိုင်က သူ့စိတ်ထဲရှိနေသော ပန်းတိုင်ကို သူကိုယ်တိုင် ရှင်းလင်းစွာ ဖော်ပြခဲ့သဖြင့် ကျွန်ုပ်တို့ စိတ်ကူးယဉ်ကြည့်ဖို့ မလိုအပ်သည်မှာ ဝမ်းသာစရာ ဖြစ်သည်။

## ရည်ရွယ်ချက်

စာစောင် အပိတ်ကျမ်းပိုဒ် ဖြစ်သည့် ဟောရှေ ၁၄း၉ ၌ သူ့ ရည်ရွယ်ချက်အား ဟောရှေက ဤသို့ အကျဉ်းချုပ်ပေးထားသည်။

> အဘယ်သူသည် ပညာရှိသနည်း။ ထိုသူသည် ဤအရာတို့ကို နားလည်လိမ့်မည်။
> အဘယ်သူသည် ဉာဏ်ကောင်းသနည်း။ ထိုသူသည် ဤအရာတို့ကို
> သိရလိမ့်မည်။ ထာဝရ ဘုရား၏ လမ်းတော်တို့သည် ဖြောင့်ကြ၏။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဖြောင့်မတ်သောသူတို့သည် လိုက်ကြလိမ့်မည်။ အဓမ္မလူတို့မူကား ထိုလမ်းတို့၌ ထိမိ၍ လဲကြလိမ့်မည်။

ဤကျမ်းပိုဒ်သည် ရှေ့မှ ကျမ်းချက်များနှင့် ကွဲလွဲစွာရှိနေပြီး စာစောင်တစ်ခုလုံးအား ကနဦး လက်ခံရရှိသူများအတွက် အဆုံးသတ် သွန်သင်ချက်များနှင့် နိဂုံးချုပ်ထားသည်။ ယုဒပြည်ရှိ သူ့မူလ ပရိသတ်အား "ပညာနှင့် ပြည့်စုံရန်" နှင့် "ဘုရားသခင့်လမ်းတော်တို့သည် ဖြောင့်ကြကြောင်း" ယုံကြည်ခြင်းဖြင့် "ခွဲခြားသိမြင်တတ်သော ဉာဏ်" ရှိဖို့ ဟောရှေ တိုက်တွန်းခဲ့သည်။ တနည်းဆိုသော် ယုဒပြည်သည် သူ့ ပရောဖက်ပြုချက် ပေါင်းချုပ်ထဲက ဉာဏ်ပညာကို ရယူနိုင်ပါမည့်အကြောင်း ဟောရှေ မျှော်လင့်ခဲ့သည်။ ဘုရားသခင့် ကောင်းချီးတို့ကို ခံစားရသူများ ဖြစ်ကြသော "ဖြောင့်မတ်သောသူတို့သည်" ဘုရားသခင့် လမ်းတော်သို့ လိုက်ကြသည်ဆိုသည့် အချက်အရ သူတို့ ၏ အခြေအနေများကို သူတို့ ရှုမြင်တတ်ရန် ဟောရှေ အလိုရှိခဲ့သည်။ သို့သော် ဘုရားသခင့် တရားစီရင်တော်မူချက်ကို ခံရသော "အဓမ္မလူတို့မူကား" ထိုလမ်းတို့တွင် ဉာဏ်ပညာမဲ့စွာ ထိမိလဲကြသည်။

ဣသရေလ ၏ ဉာဏ်အလင်းပြ အစဉ်အလာထုံးတမ်းတို့ ၏ အခြေခံ သွန်သင်ချက်များသည် အခြားသော ပရောဖက် စာစောင်များထဲတွင် ပါရှိနေသော်လည်း ဉာဏ်ပညာရှိရန် ဟောရှေ ၏ ရဲရင့်သော တိုက်တွန်းချက်သည် ထူးခြားသည်။ သို့သော် ဉာဏ်ပညာအပေါ် ဟောရှေ အာရုံစိုက်မှုသည် ဟေဇကိမင်း အုပ်စိုးချိန်နှင့် ကိုက်ညီအပ်စပ်မှု ရှိသည်။ ဣသရေလ ဉာဏ်အလင်းပြ အစဉ်အလာတို့၌ ကျွမ်းကျင်လိမ္မာသော လူများနှင့် ဟေဇကိမင်း အပေါင်းအသင်း ဖွဲ့ခဲ့ကြောင်း သမ္မာကျမ်းစာအရ ကျွန်ုပ်တို့ သိကြသည်။ အမှန်တွင် သုတ္တံကျမ်း အခန်းကြီး ၂၅ မှ ၂၉ အထိအား "ယုဒရှင်ဘုရင် ဟေဇကိမင်း၏ လူများ ရေးကူးသော ရှောလမုန် ၏ သုတ္တံစကားများ" အဖြစ် သုတ္တံ ၂၅း၁ က မိတ်ဆက်ပေးနေသည်။ ပေါ်လွင်နေသည်မှာ အဆိုပါ "ဟေဇကိမင်း ၏ လူများ" သည် ဟေဇကိ နန်းတော်နှင့် ဆက်စပ်သည့် အလွန်လေးစားဖွယ်ရာကောင်းသည့် ပညာရှိ အစုအဖွဲ့ ဖြစ်ခဲ့သည်။ ဉာဏ်ပညာရှိကြဖို့ ဟောရှေ ၏ အပိတ် တိုက်တွန်းချက်သည် ဟေဇကိမင်းကိုသော်၎င်း၊ သူ့နန်းတော်ထဲက ပညာရှိတို့ကို၎င်း တိုက်ရိုက် မေတ္တာရပ်ခံရာ ရောက်ခဲ့သည်မှာ အတော်ပင် ဖြစ်နိုင်ပါသည်။ ထိုအရ ဟောရှေ စာစောင် ၏ ရည်ရွယ်ချက်ကို ယခုလို အကျဉ်းချုပ်ဖော်ပြနိုင်သည်။

> သနာခရိပ် ကျူးကျော်မှု၏ စိမ်ခေါ်မှုများကို သူတို့ကြုံခဲ့ရသည်နှင့်အမျှ ဟောရှေ အမှုတော်ကာလတစ်လျှောက် ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြမှုများထဲမှ ဉာဏ်ပညာကို ရယူဖို့ ယုဒခေါင်းဆောင်များအား ဟောရှေ စာစောင်က တိုက်တွန်းထားသည်။

ဤအကျဉ်းချုပ်ဖော်ပြချက်က အကြံပြုထားသလို အခြေခံအားဖြင့် ကျွန်ုပ်တို့ ၏ စာစောင်အား အနာဂတ်ဆိုင်ရာ တိကျသော အဖြစ်အပျက်များ အကြောင်း ပရောဖက်ပြုဖို့ ဒီဇိုင်း ချထားခြင်း မရှိခဲ့ပါ။ ထိုအစား ဟေဇကိမင်း အုပ်စိုးကာလက ဉာဏ်ပညာ လမ်းစဉ်အတိုင်း လိုက်နာဖို့ ယုဒ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခေါင်းဆောင်များအား တိုက်တွန်းရန်သာ သူ့စာစောင်ကို ဟောရှေ ပြုစုရေးသားခဲ့သည်။ ဟေဇကိမင်းနှင့် သူ့နန်းတော်သားတို့သည် ဟောရှေ အမှုတော်ကာလ တစ်လျှောက် ဘုရားသခင် ဖွင့်ပြချက်တို့မှ သင်ယူပြီး သနာခရိပ် ကျူးကျော်မှု၏ စိမ်ခေါ်မှုများအားဖြင့် ယုဒကို ခေါင်းဆောင်ရန် ရှိခဲ့သည်။ သနာခရိပ်လက်သို့ ယေရုရှလင် မကျဆုံးမီနှင့် ကျဆုံးပြီးကာစ အချိန်နှစ်ခုလုံးတွင် ယုဒခေါင်းဆောင်တို့သည် ဉာဏ်ပညာနှင့် ယှဉ်သော သွန်သင်ချက်ကို အကြီးအကျယ်လိုအပ်ခဲ့ကြပြီး ဟောရှေ စာစောင်ကလည်း သူတို့လိုသော ဉာဏ်ပညာကို သူတို့အတွက် ပြင်ဆင်ပေးခဲ့သည်။

ယခုအထိ ဟောရှေကျမ်း မိတ်ဆက်နိဒါန်းထဲတွင် ပရောဖက်နှင့် သူ့စာစောင် နောက်ခံ သမိုင်းကြောင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် ဟောရှေ စာစောင်၏ ပါဝင် အကြောင်းအရာနှင့် ဖွဲ့စည်းပုံ အကျဉ်းချုပ် လေ့လာမှုဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

# ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံ

အကြောင်းမလှစွာပင် ဧဝံဂေလိ ယုံကြည်သူများစွာတို့သည် သူ့ ပရောဖက်ပြုချက်တို့အား ဟောရှေ မူလပထမ လက်ခံရရှိရာ သမိုင်းနောက်ခံကို မျက်ကွယ်ပြုလိုကြသည်။ စာစောင်အတွင်းရှိ အပိုင်းငယ်များ အပေါ်တွင်လည်း တစ်ခုနှင့် တစ်ခု အဆက်အစပ်ကင်းစွာ ပါရှိနေသည့်ပုံစံဖြင့် ရှုမြင် စူးစိုက်လိုကြသည်။ ပိုပြီးသေချာအောင် ဆိုရပါလျှင် အဆိုပါ သမိုင်းမဆန်သည့် ဆက်စပ်မှုကင်းသော လေ့လာနည်းများသည် ဟောရှေ စာစောင်ဆိုင်ရာ ထိုးထွင်းအမြင်များစွာကို ထုတ်ဖော်ပေးသည်။ သို့သော် အဆိုပါ ထိုးထွင်းအမြင်များတွင် ထပ်ဆင့်ဖြည့်စွက်ရန်အတွက် ကွဲပြားခြားနားသော မဟာဗျူဟာကို ကျွန်ုပ်တို့ ကျင့်သုံးကြမည် ဖြစ်သည်။ ဟောရှေ အမှုတော် သမိုင်းနောက်ခံများသည် သူ့ပရောဖက်ပြုချက်များကို နားလည်ရန်အတွက် အရေးပါသည်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ တစ်ခုနှင့် တစ်ခု သီးသန့်စီ ဖြစ်နေကြသော အပိုင်းငယ်များအပေါ် စူးစိုက်ခြင်းထက် ဟောရှေ စာစောင်တစ်လျှောက် ပိုမိုကြီးမားသော အပိုင်းများအကြား အကျိုးသင့် အကြောင်းသင့် ဆက်နွယ်နေပုံများကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ စာစောင်ကို ယုဒပြည်အတွင်း မူလပထမ လက်ခံရရှိခဲ့သူများထံ ဉာဏ်ပညာပေးရန်အတွက် ဟောရှေက သူ့ စာစောင်အား မည်သို့ ဒီဇိုင်းချထားခဲ့ကြောင်း ကျွန်ုပ်တို့ ပိုမိုရှင်းလင်းစွာ သိမြင်ရေးအတွက် ဤ မဟာဗျူဟာက အကူအညီပေးသည်။ ထို့ပြင် ဟောရှေ စာစောင်မှ ဉာဏ်ပညာကို ယနေ့ ကျွန်ုပ်တို့ မည်သို့ သင်ယူသင့်ကြောင်း သိမြင်ရန်အတွက်လည်း ၎င်းက ကူညီပေးသည်။

ထပ်မံ၍ ဟောရှေ နေရာတွင် သင့်ကိုယ်သင် အစားထိုးကြည့်ပါ။ ကာလအားဖြင့် ရေတို အမှုဆောင်ခဲ့သည့် အချို့သော ပရောဖက်များနှင့် ကွဲပြားခြားနားစွာပင် ဟောရှေသည် နှစ်ပေါင်း ခြောက်ဆယ်ခန့်မျှ မကသည့် အချိန်အတွင်း ယေရောဗောင် ၂ အုပ်စိုးကာလ နောက်ဆုံး ဆယ်စုနှစ်မှသည် ဟေဇကိမင်းလက်ထက်တိုင်အောင် ဘုရားသခင့် ထံတော်မှ ဗျာဒိတ်ဖွင့်ပြချက်များကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရရှိနေခဲ့သည်။  အဆိုပါ ဆယ်စုနှစ်များအတွင်း သူ့အား ဘုရားသခင်က များစွာသော အရာတို့ကို ဖွင့်ပြခဲ့သည်။ သူ့စာစောင်ထဲက တိုတောင်းသည့် အခန်း တစ်ဆယ့်လေးခန်းမှာ ပါရှိနေသည်တို့ထက် ပိုမိုများပြားစွာပင် သူ့ကို ဖွင့်ပြခဲ့ပါလိမ့်မည်။

သူ့စာစောင်ကို ဟောရှေ မည်သို့ ဖွဲ့စည်းထားကြောင်း နားလည်ရန်အတွက် ဘုရားသခင်သည် ဟောရှေထံသို့ တစ်ချိန်တည်းတွင် ပရောဖက်ပြုချက်အားလုံးကို ချမပေးခဲ့ကြောင်း ကျွန်ုပ်တို့ သိထားရပါမည်။ ကျွန်ုပ်တို့ ရှင်းပြပြီး ဖြစ်သလို ဘီစီ ၇၄၄ တွင် အာရှုရိ အင်ပါယာ တန်ခိုးထွားလာမှုနှင့်အတူ ဘီစီ ၇၃၂ နှင့် ဘီစီ ၇၂၂ တို့၌ အာရှုရိ ကျူးကျော်လာမှုများအား ဣသရေလ နိုင်ငံတော် ရင်ဆိုင်ခဲ့ရသည့်အတွက် ဘုရားသခင်သည် ဟောရှေသို့ ဗျာဒိတ်ဖွင့်ပြချက်များ ချပေးခဲ့သည်။ အဆိုပါ မတူကွဲပြားသော သမိုင်းနောက်ခံများကို ကျွန်ုပ်တို့ ထည့်မစဉ်းစားပါက ဟောရှေ၏ ပရောဖက်ပြုချက်တို့သည် နေရာများစွာ၌ အထူးသဖြင့် ယုဒပြည်အကြောင်း ပရောဖက်ပြုရာ၌ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲလွဲပုံ ရနေလိမ့်မည် ဖြစ်သည်။ သို့သော် အမှန်တွင်မူ ပြောင်းလဲနေသော အခြေအနေများကို သူ ရင်ဆိုင်ဖြေရှင်းရသည် ဖြစ်၍ ဟောရှေ၏ ပရောဖက် အမြင်တို့သည်လည်း အချိန်နှင့်အမျှ ပြောင်းလဲခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရမည် ဖြစ်သည်။

ဟောရှေစာစောင် ၏ အချိန်ကာလအရ စီစဉ်ဖော်ပြမှုကို သိမှတ်ရန် အရေးကြီးသလို ဟောရှေသည် သူ့ပရောဖက်ပြုချက်တို့အား အကြောင်းအရာ ခေါင်းစဉ်ကို လိုက်၍လည်း စီစဉ်ခင်းကျင်းခဲ့ကြောင်း ကျွန်ုပ်တို့ ဂရုပြုကြရပါမည်။ ဟောရှေ ၁း၁ သည် ကျွန်ုပ်တို့ စာစောင်၏ ခေါင်းစဉ်ဖြစ်ပြီး ဟောရှေ အမှုတော်၏ အစမှ အဆုံး တစ်ခုလုံးကို မိတ်ဆက်ပေးရန် ဒီဇိုင်းချထားကြောင်း အစောပိုင်း သင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ခဲ့ကြသည်။  ထို့ပြင် ၁၄း၉ ကလည်း စာစောင်မှ ပေးနေသည့် ဉာဏ်ပညာကို ရယူရေး ဘုရားလူတို့ကို တိုက်တွန်းရန် ဟူသော စာစောင်ကို လွှမ်းမိုးခြုံငုံနေသည့် ဟောရှေ ၏ ရည်ရွယ်ချက်ကို ခြုံငုံဖော်ပြရာ ပိတ်သိမ်းချက်ဖြင့် စာစောင်ကို နိဂုံးချုပ်ထားသည်။   အဆိုပါ စာစောင် အပိတ်ဖော်ပြချက်တို့က ဘီစီ ၇၀၁ ဝန်းကျင် သနာခရိပ် ကျူးကျော်ချိန်ခန့်က ဟောရှေ သူ့စာစောင်ကို စုစည်းရင်း ၎င်းတို့ကို ဖန်တီးခဲ့ကြောင်း ထောက်ပြနေကြသည်။  သို့သော် အဆိုပါ စာစောင်အပိတ်ဖော်ပြချက်များ အကြား၌ ဟောရှေ စာစောင်၏ အဓိက စာကိုယ်တွင် ခေါင်းစဉ်အရ အထူးပြုချက်များ ပါဝင်သည့် အပိုင်းကြီး သုံးပိုင်း ပါရှိသည်။

ပထမဆုံး အပိုင်းသည် ၁း၂ မှ ၃း၅ အထိ ဖြစ်ပြီး ဘုရားသခင့်ထံတော်မှ တရားစီရင်ချက်နှင့် မျှော်လင့်ချက်တို့အပေါ် အလေးပေးထားသည်။  အဆိုပါ အစပိုင်း အခန်းတို့က ယေရောဗောင် ၂ အုပ်စိုးကာလအတွင်း ဟောရှေ အစောဆုံး လက်ခံရရှိခဲ့သည့် ပရောဖက်ပြုချက်များကို တင်ဆက်ထားသည်။ ၎င်းတို့သည် ဘီစီ ၇၄၄ အတွင်း အာရှုရိတို့ တန်ခိုးထွားလာပုံကို ဆွေးနွေးထားသည်။    ကိုယ်တော်၏ လူတို့ အပေါ် သွန်းလောင်းရန် ဘုရားသခင် စိတ်ပိုင်းဖြတ်ပြီး ဖြစ်သည့် ကျိန်ခြင်းများနှင့် အနာဂတ်တွင် သူတို့ ရရှိကြမည့် ကောင်းချီးများအပေါ် ဟန်ချက်ညီ ရှုမြင်သည့် ရှုထောင့်အမြင်တို့ကို တင်ဆက်ရန် အဆိုပါ အစောပိုင်း ပရောဖက်ပြုချက်များအား ဟောရှေက ဂရုစိုက်ရွေးချယ်ကာ စီစဉ်ထည့်သွင်းထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၄း၁-၉း၉ သည် ဒုတိယမြောက်အပိုင်း ဖြစ်ပြီး ဘုရားသခင့် တရားစီရင်ချက်များအကြောင်း ဖွင့်ပြထားသည်။ ပထမပိုင်းနှင့် မတူကွဲပြားစွာပင် အဆိုပါ ပရောဖက်ပြုချက်တို့သည် ဘီစီ ၇၃၂ နှင့် ၇၂၂ ဝန်းကျင် အာရှုရိ ကျူးကျော်မှုများအကြောင်း ဗျာဒိတ်ဖွင့်ပြချက်များအား ဟောရှေ လက်ခံရရှိချိန်ဖြစ်သည့် နောက်ပိုင်း အမှုတော် အဆင့်များထဲက ပေါ်ထွက်ကြသည်။ အဆိုပါ အခန်းကြီးတို့သည် ဘုရားသခင့် တရားစီရင်ချက် အကြောင်းအရာ ခေါင်းစဉ်အပေါ် တသီးတသန့် အလေးပေးသည်။ ထို့ပြင် ဟောရှေ အမှုတော် ၏ အဆိုပါ အဆင့်အလွှာများ တစ်လျှောက် ဘုရားသခင့် စီရင်ချက်များအတွင်း ပြင်းထန်ဆိုးရွားမှု ဒီဂရီ မည်သို့ တိုးမြှင့်လာကြောင်းကို ၎င်းတို့က မီးမောင်းထိုးပြသည်။

တတိယမြောက်အပိုင်းဖြစ်သည့် ၉း၁၀-၁၄း၈ သည် ဘုရားသခင့်ထံတော်မှ လာသည့် မျှော်လင့်ချက်ကို ဖွင့်ပြခြင်းအပေါ် အလေးပေးသည်။ ဤနောက်ဆုံး အဓိကကျသည့် အပိုင်းမှာလည်း ဘီစီ ၇၃၂ နှင့် ၇၂၂ ၌ အာရှုရိ ကျူးကျော်မှုများကို ကြိုတင်မျှော်တွေးသည့်အနေဖြင့် ဟောရှေ လက်ခံရရှိခဲ့သည့် ဗျာဒိတ်ဖွင့်ပြချက်များ ပါရှိသည်။ သို့သော် ဤ အပိုင်းသည် မျှော်လင့်ခြင်း ခေါင်းစဉ်အကြောင်းအရာဆီ အာရုံစိုက်ထားသည်။ ဤအရာသည် ဟောရှေ အမှုတော်အဆင့်များ တစ်လျှောက် သူ့လူတို့ ၏ အနာဂတ်အတွက် ဘုရားသခင် ဖွင့်လှစ်ဖော်ပြသည့် မျှော်လင့်ခြင်း ဖြစ်သည်။

ဟောရှေ စာစောင်ကို အနက်ဖွင့်ဆိုခြင်းအတွက် အဆိုပါ သမိုင်းကြောင်းအရ နှင့် ခေါင်းစဉ်အရ စီစဉ် ခင်းကျင်းမှုတို့ အရေးကြီးသည်ဟု ဆိုသော် လွန်အံ့မထင်ပါ။ ရှုထောင့်အမျိုးမျိုးအရ ၎င်းတို့သည် ဟေဇကိမင်းလက်ထက် သူ့စာစောင်ကို ပထမဆုံး ရရှိသူတို့ထံ ဟောရှေ ပေးဖို့ ကြိုးစားခဲ့သည့် ဉာဏ်ပညာကို ဖွင့်ပြရာ သော့ချက်များနှင့် အလားတူကြသည်။

နောက်သင်ခန်းစာထဲတွင် ဟောရှေ ပေးသော ဉာဏ်ပညာကို ကျွန်ုပ်တို့ ပို၍ စေ့စေ့ ကြည့်ကြပါမည်။ သို့သော်လည်း ယခုလောလောဆယ်အတွက် စာစောင်၏ အဓိက အပိုင်း တစ်ခုချင်းစီ ၏ ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံကို မိတ်ဆက်ပေးရုံဖြင့် လုံလောက်ပါလိမ့်မည်။ ၁း၂-၃း၅ အတွင်း ဘုရားသခင့် တရားစီရင်ချက်နှင့် မျှော်လင့်ခြင်းအကြောင်း ဖော်ပြရာ ပထမ အပိုင်းဖြင့် အစပြုကြပါစို့။ စာစောင်ထဲက အဆိုပါ အစောပိုင်း အခန်းတို့သည် ဘုရားသခင့်လူတို့အပေါ် ကျရောက်လာမည့် ကျိန်ခြင်းများနှင့်အတူ နောက်မှလိုက်ပါလာမည့် ဘုရားသခင့် ကောင်းချီးများအပေါ် စူးစိုက်မှုအား အသေအချာ ဟန်ချက်ညီ ထိန်းညှိထားကြသည်။

## တရားစီရင်မှုနှင့် မျှော်လင့်ချက် (၁း၂-၃း၅)

ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသလို အဆိုပါ အဖွင့် အခန်းကြီးများသည် ယေရောဗောင် ၂ အုပ်စိုးကာလ၊ ဘီစီ ၇၄၄ ၌ အာရှုရိတို့ အထွတ်အထိပ်ရောက်ရှိသည့်အကြောင်း ပရောဖက်ပြုချက်များအား ဟောရှေ လက်ခံရရှိချိန်က အမှုတော်ကို ကိုယ်စားပြုသည်။ သို့သော် ဤအချိန်သည် အဆိုပါ ဗျာဒိတ်ဖွင့်ပြချက်တို့ကို ဟောရှေ လက်ခံရရှိချိန် ဖြစ်ကြောင်း ကျွန်ုပ်တို့ မည်သို့ သိကြပါသနည်း။ ဟုတ်ပါပြီ။ အဆိုပါ အခန်းကြီးတို့သည် "ဟောရှေထံသို့ ရောက်လာသော ထာဝရ ဘုရား၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နှုတ်ကပတ်တော် အစအဦး ဟူမူကား" ဟူ၍ ကျွန်ုပ်တို့အား ပြောချိန်ကို ကိုယ်စားပြုရုံရှိသည်ကိုသာ ၁း၂ က ဖော်ပြသည်။

ဤ အစောပိုင်းကာလ သမိုင်းနောက်ခံအား ယခု အပိုင်း၏ အခြားသော ပါဝင် အကြောင်းအရာတို့ကလည်း အတည်ပြုသည်။ ပထမအနေဖြင့် ဣသရေလတို့ အကြီးအကျယ် ကြွယ်ဝကောင်းစားခဲ့စဉ်မှာပင် ရုပ်တုကိုးကွယ်ခြင်းနှင့် မတရားမှုတို့အတွင်း သူတို့ကျဆင်းခဲ့ကြပြီး ဖြစ်သည် ဆိုသည့်အချက်အပေါ် ဟောရှေက အာရုံစိုက်စေခဲ့သည်။ ဣသရေလ အပေါ် အာရှုရိတို့၏ အုပ်စိုးလွှမ်းမိုးခြင်းဖြင့် ကျိန်ခြင်းများ ကျရောက်စေရန် ဘုရားသခင် စိတ်ပိုင်းဖြတ်ခဲ့ပြီးကြောင်းကိုလည်း သူ ညွှန်ပြခဲ့သည်။ အဆိုပါ အချက်တို့သည် ဟောရှေ အမှုတော် အစောဆုံး အဆင့်များနှင့် ကိုက်ညီမှု ရှိကြသည်။

ဒုတိယအနေဖြင့် ဤအပိုင်းအတွင်း ယုဒပြည်အပေါ် ဟောရှေ အလေးပေးမှုကလည်း သူ့အမှုတော် ပထမ အဆင့်၌ အဆိုပါ ပရောဖက်ပြုချက်တို့ကို သူလက်ခံရရှိခဲ့သည် ဆိုသည်ကို အတည်ပြုသည်။ ဤအချိန်ကာလအတွင်း ဩဇိမင်းသည် ယုဒပြည်၌ ဖြောင့်မတ်စွာ အုပ်စိုးခဲ့ကြောင်း သင် အမှတ်ရပါလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့ မျှော်လင့်ထားသလို အဆိုပါ အခန်းကြီးတို့က တောင်ပိုင်း ယုဒနိုင်ငံတော်ကို မည်သည့် အကျိုန်နှင့်မျှ ခြိမ်းခြောက်ခဲ့ခြင်း မရှိပေ။ ၎င်းနှင့် ဆန့်ကျင် ခြားနားစွာပင် ဤ ပထမ အပိုင်းက ယုဒပြည်အား အလွန်ပင် အပြုသဘောဆန်စွာ မကြာခဏ ဖော်ကျူးသည်။ သာဓက ဆိုရလျှင် ၁း၆-၇ ကို နားထောင်ကြည့်ပါ။ ဘုရားသခင်သည် ဣသရေလနှင့် ယုဒတို့အကြား ပြတ်သားစွာ ဆန့်ကျင်ခြားနားပြခဲ့သည်။ ဤနေရာတွင် ဘုရားသခင်က

> ငါသည် ဣသရေလ အမျိုးကို နောက်တဖန် မသနား မစုံမက်ဘဲ ဧကန်အမှန် ပယ်ရှင်းမည်။ ယုဒ အမျိုးကိုကား သနားစုံမက်ဦးမည်။ သူတို့၏ ဘုရားသခင် ထာဝရ ဘုရားအားဖြင့် ကယ်တင်မည် (၁း၆-၇) ဟု မိန့်တော်မူခဲ့သည်။

အာရှုရိတို့လက်၌ မြောက်ပိုင်း ဣသရေလတို့ ဆင်းရဲခံရတော့မည့်ဆဲဆဲ ဖြစ်လင့်ကစား ထိုအချိန်တွင် ဘုရားသခင်သည် ယုဒပြည်အပေါ် ကရုဏာထားပြီး ကယ်တင်မည် ဖြစ်ကြောင်း ဤ ကျမ်းပိုဒ်က ရှင်းရှင်းပြဆိုထားသည်။ ၁း၁၁ တွင်လည်း ယုဒပြည်နှင့် စပ်လျဉ်းပြီး ဟောရှေက အပြုသဘော ဖော်ပြခဲ့သည်။ ဟောရှေက

> ယုဒ အမျိုးသားတို့နှင့် ဣသရေလ အမျိုးသားတို့သည် စုဝေးပေါင်းဖော်၍ မင်းတဦးတည်းကို ချီးမြှောက်ကြလိမ့်မည် (ဟောရှေ ၁း၁၁) ဟု ဆိုခဲ့သည်။

ဤနေရာတွင် ဣသရေလသည် အာရှုရိ အားဖြင့် တရားစီရင်ခြင်းကို သည်းခံဖြတ်သန်းလျက်ပင် ဘုရားသခင့် ကောင်းချီးများအတွက် သူတို့၏ မျှော်လင့်ခြင်းသည် မင်းတစ်ပါးတည်း အုပ်ချုပ်မှုအောက် ယုဒပြည်နှင့် ပြန်လည်ပေါင်းစည်းခြင်းထံမှ ရောက်လာကြောင်း ဟောရှေ ညွှန်ပြခဲ့သည်။ အလားတူပင် ၃း၅ တွင် ဟောရှေက



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထို့နောက်မှ ဣသရေလ အမျိုးသားတို့သည် ပြန်လာ၍ သူတို့ ဘုရားသခင် ထာဝရ ဘုရားကိုငှင်း၊ သူတို့ ရှင်ဘုရင် ဒါဝိဒ်ကိုငှင်း ရှာ၍ နောင်ကာလ၌ ကျေးဇူးတော်ကို ခံအံ့သောငှာ ထာဝရ ဘုရားထံတော်သို့ တုန်လှုပ်လျက် ပြေးကြလိမ့်မည် (ဟောရှေ ၃း၅) ဟု ဆိုခဲ့သည်။

"သူတို့ ရှင်ဘုရင် ဒါဝိဒ်" ကဲ့သို့သော တိုက်ရိုက် ကိုးကားချက်က ယုဒပြည်အပေါ် မျက်နှာသာပေး ရှုမြင်ကြောင်း ရှင်းလင်းစွာ ထင်ဟပ်ဖော်ပြသည်။ အကြောင်းမှာ ယုဒပြည်အား ဒါဝိဒ် ၏ တော်ဝင်မင်းမျိုးက အုပ်စိုးခဲ့သောကြောင့် ဖြစ်သည်။ သူ့စာစောင် ပထမပိုင်းအတွင်း ယုဒပြည်အပေါ် ဟောရှေ၏ ဂရုတစိုက် အကောင်းမြင်ပေးတတ်ပုံများက ယုဒပြည်အပေါ် ဘုရားသခင့် ဖြောင့်မတ်ခြင်းတရားနှင့်အညီ သြဇိမင်း အုပ်စိုးခဲ့စဉ် အဆိုပါ ပရောဖက်ပြုချက်တို့ကို သူလက်ခံရရှိခဲ့ခြင်း ဖြစ်ကြောင်း အတည်ပြုပေးသည်။

ဟောရှေ စာစောင်ပထမပိုင်း မိတ်ဆက်အား ၎င်းအတိုင်း စဉ်းစားရင်း အဆိုပါ အခန်းများက ဘုရားသခင့် တရားစီရင်ချက်နှင့် မျှော်လင့်ချက် အကြောင်း ခေါင်းစဉ်အပေါ် မည်သို့ အလေးပေးနေသည်ကို တိုတိုတုတ်တုတ် ပုံဖော်ကြည့်ကြပါစို့။ ဟောရှေက အဆိုပါ အခန်းကြီးများအား အဓိကကျသော ကဏ္ဍ သုံးခု အဖြစ် စီစဉ်ထားသည်။ ၁း၂-၂း၁ သည် သူ၏ အစောပိုင်းကာလ မိသားစု ဘဝ အတွေ့အကြုံများကို ဖော်ပြသည်။

## အစောပိုင်းကာလ မိသားစု ဘဝ အတွေ့အကြုံများ (၁း၂-၂း၁)

ဤကဏ္ဍကို အဓိကကျသော အစိတ်အပိုင်း နှစ်ခုအဖြစ် ထပ်ခွဲသည်။ ပထမ အပိုင်းသည် ၁း၂-၉ ဖြစ်ပြီး မိသားစုဘဝဇာတ်ကြောင်းကို တင်ဆက်သည်။ ပြည့်တန်ဆာအမှုကို ပြု၍ ကိုးကွယ်ခြင်း အလေ့ရှိသော ဂေါမာ အမည်ရှိ အမျိုးသမီးတစ်ဦးကို လက်ထပ်ရန် ဘုရားသခင်က ဟောရှေအား မိန့်ဆိုခြင်းဖြင့် ဤအပိုင်း အစပြုသည်။ သူတို့၏ သားသမီးများ မွေးဖွားလာသည့်အခါ ၎င်းတို့အား ဣသရေလ အပေါ် မကြာမတင် ကျရောက်လာမည့် ဘုရားသခင့် တရားစီရင်ချက်များကို ဖော်ညွှန်းသည့် အမည်များ ပေးရန် ဟောရှေကို မိန့်ဆိုခဲ့သည်။ ဤဇာတ်ကြောင်းသည် အာရှုရိအားဖြင့် ဣသရေလထံ ရောက်လာတော့မည့် ဆင်းရဲဒုက္ခများဆီ အာရုံစိုက်စေသည်။

သို့သော် ဘုရားသခင့် တရားစီရင်ချက်အပေါ် ဤကဲ့သို့ စူးစိုက်မှုနှင့် ဟန်ချက်ညီစွာပင် ၁း၁၀-၂း၁ ထဲ၌ သူ၏ မျှော်လင့်ခြင်း ဆိုင်ရာ ပရောဖက်ပြု ထင်ဟပ်ချက်များအား ဒုတိယ ကဏ္ဍအဖြစ် ဟောရှေ ထပ်ဖြည့်ထားသည်။ ၁း၁၀ တွင် ပါသည့် သာဓက တစ်ခုကိုသာပြရလျှင် ဟောရှေ ဖွင့်ပြခဲ့သည်မှာ

> ဣသရေလ အမျိုးသားတို့သည် မခြင်နိုင်၊ မရေတွက်နိုင်သော သမုဒ္ဒရာ သဲလုံးနှင့် အမျှ များကြလိမ့်မည်။ "သင်တို့သည် ငါ၏ လူမဟုတ်" ဟု ထိုသူတို့အား ပြောဆိုရာအရပ်၌ပင်လျှင် သူတို့သည် "အသက်ရှင်တော်မူသောဘုရား၏ သား" ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည် (ဟောရှေ ၁း၁၀)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် ဣသရေလအပေါ် တရားစီရင်တော့မည့် ဆဲဆဲ ဖြစ်လင့်ကစား ဣသရေလ မျိုးနွယ်တို့ ၏ သားမြေးတို့အတွက် အနာဂတ်တွင် ကောင်းချီးခံစားရမည့်အချိန် ရှိနေဆဲဖြစ်ကြောင်း ဟောရှေ ထပ်ဖြည့် ပြောခဲ့သည်။

ဘုရားသခင့်ထံမှ တရားစီရင်ခြင်းနှင့် မျှော်လင့်ခြင်း ဒုတိယပိုင်းသည် ဟောရှေ စာစောင်အတွင်း ၂း၂-၂၃ ၌ ဘုရားသခင် ၏ ပထမဆုံး တရားတွေ့မှု အကြောင်းကို စူးစိုက်ထားသည်။

## ဘုရားသခင်၏ တရားတွေ့မှု (၂း၂-၂၃)

အဆိုပါ ကျမ်းပိုဒ်တို့သည် မြေကြီးပေါ်က ဟောရှေ မိသားစု အတွေ့အကြုံများမှသည် ကောင်းကင် တရားရုံးတော်အတွင်း ဥပဒေကြောင်းအရ တရားတွေ့မှု လုပ်ငန်းစဉ်အကြောင်း မှတ်သွင်းဖွင့်ပြချက်ဆီ အာရုံကို လွှဲပြောင်းရောက်ရှိသွားစေသည်။ ဘုရားသခင်သည် ဓမ္မဟောင်း၌ ကိုယ်တော်၏ ကောင်းကင် တရားရုံးတော်အတွင်း ဥပဒေကြောင်းအရ ချိန်ဆစဉ်းစားမှုများအကြောင်း အသိပေးဖော်ပြချက်များအား ကိုယ်တော်၏ ပရောဖက်များသို့ သိခွင့်ပေးခြင်းဖြင့် ကိုယ်တော်ထားသော အနာဂတ်အကြံအစည်တော်များအကြောင်းကို မကြာခဏ ဖွင့်ပြလေ့ရှိခဲ့သည်။ အဆိုပါ ဖွင့်လှစ်ဖော်ပြချက်အချို့အား "တရားတွေ့မှုများ" အဖြစ် ကျွန်ုပ်တို့ ဆိုကြသည်။ အကြောင်းမှာ ၎င်းတို့သည် ဘုရားသခင့် တရားရုံးတော် ၏ ဥပဒေကြောင်းအရ လုပ်ဆောင်ချက်များကို အတော်ကလေး ပြည့်စုံအောင် ဖော်ပြပေးကြသည်။ ၎င်းတို့က ပလ္လင်တော်ပေါ် ရှိ ဘုရားသခင်ကို ပုံဖော်သည်။ အမှုတွင် ပါဝင်ပတ်သက်သူများအား တရားရုံးသို့ ဆင့်ခေါ် ပုံတို့ကို ပြသသည်။ အပြစ်ရှိသူတို့ အပေါ် စွပ်စွဲချက်များ၊ ၎င်းတို့နှင့် အပြန်အလှန် ပြောဆိုမှုများကို အစီရင်ခံသည်။ မည်သို့မြွက်ဆို ဆုံးဖြတ်သည်တို့ကိုလည်း ကြေညာသည်။

> တရားစီရင်မှုဆိုင်ရာ ပရောဖက်ပြု ပြောဆိုချက်အများအပြားသည် ပဋိညာဉ် အကြောင်းပြု တရားတွေ့မှုပုံစံရှိသည်ဟု ဆိုနိုင်သည်။ ပဋိညာဉ် အကြောင်းပြု တရားတွေ့မှု သဘောဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ သံခင်းတမန်ခင်း အပေါ် မူတည်သည်။ ယနေ့ ကျွန်ုပ်တို့၏ အကောင်းဆုံး သာဓကများအား ဟစ်တိုက် သံတမန် ဆက်ဆံရေးစာများ၌ တွေ့နိုင်သည်။ ထိုစာများ၌ ဟစ်တိုက် သံတမန်ကြီးသည် လက်အောက်ခံ ရှင်ဘုရင်က လိုက်နာပါမည်ဟု ကတိသစ္စာခံထားပါလျက် ချိုးဖောက်သောကြောင့် လက်အောက်ခံ နိုင်ငံဆီ သွားရောက်ပြီး ပဋိညာဉ်ပါ သဘောတူထားသည့် စကားရပ်များအတိုင်း လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းများ ပါရှိသည်။ ပရောဖက်သည်လည်း အလားတူ အခန်းကဏ္ဍမျိုးကို တာဝန်ယူရသည်။ ထို့ပြင် အဆိုပါ အခြေခံ အချက်များ အကြောင်း ပိုမိုပြည့်စုံစွာ သာဓကဆောင်သည့် အရေးပါသော ကျမ်းချက်များစွာလည်း ရှိနေသည်။ ပုံစံကျဆိုပါက အဆိုပါ အခြေခံ အချက်များတွင် တရားခံများနှင့် သက်သေများကို ဆင့်ခေါ်ချက်များ

> ပါဝင်တတ်သည်။ ထို့နောက် အုပ်စိုးသူ ရှင်ဘုရင်နှင့် လက်အောက်ခံ ရှင်ဘုရင်တို့အကြား ပဋိညာဉ်ဆိုင်ရာ ဆက်နွယ်မှုသမိုင်းကြောင်းကို ပြသည့် အချက်တစ်ချက် လိုက်လာတတ်သည်။ ထို့နောက်တွင် သစ္စာဖောက်ဖျက်မှုအတွက် လက်အောက်ခံ အပေါ် တင်သည့် စွဲချက်လိုက်လာပြီး ထိုစွဲချက်နောက်တွင် သစ္စာဖောက်ဖျက်မှုအတွက် ခြိမ်းခြောက်မှုတစ်ခု သို့မဟုတ် ပြစ်ဒဏ် တစ်ခု လိုက်လာတတ်သည်။

**Dr Douglas Gropp**

ဟောရှေ စာစောင်ထဲက ဤ ပထမ ကောင်းကင်ဘုံဆိုင်ရာ တရားတွေ့မှုသည် ၂း၂ အတွင်း အောက်ပါ စကားလုံးများသုံးပြီး ဣသရေလအား ရုံးတော်သို့ ဘုရားသခင့် ဆင့်ခေါ်ချက်များနှင့် အစပြုသည်။

> သင်တို့ အမိနှင့် ဆွေးနွေးကြလော့။ သူမနှင့် ဆွေးနွေးကြလော့ (ဟောရှေ ၂း၂)။

ယနေ့ ပရိသတ်အတွက် ဤအရာသည် ကြောင်တောင်တောင်နိုင်လှသော တရားရုံး ဆင့်ခေါ်ချက်များ ဟု ထင်ရသည်။ ဤနေရာတွင် "ဆွေးနွေးသည်" ဆိုသည့် စကားလုံးမှာ ဟေဗြဲ ကြိယာ "*ရစ်ဘ်*" (**ɹɪɣ**) ကို ပြန်ဆိုထားချက် ဖြစ်သည်။ ဤဝေါဟာရအား ပရောဖက်ကျမ်းများထဲတွင် ကောင်းကင် တရားရုံး၌ "တရားစွဲဆိုခြင်း" သို့မဟုတ် "ဥပဒေကြောင်း အရ တရားပြိုင်ခြင်း" ကိစ္စအတွက် အမြဲလို သုံးစွဲလေ့ ရှိသည်။ ဤနေရာတွင် ပြောနေသည့် "မိခင်" မှာ ဣသရေလ ခေါင်းဆောင်များ နေထိုင်သည့် ဣသရေလ မင်းနေပြည်တော် ရှမာရိမြို့ကို ဆိုလိုသည်။ ထို့ကြောင့် အကျိုးဆက်အားဖြင့် ဘုရားသခင် ကိုယ်တော်တိုင် ရုံးထိုင်တရားစွဲမည့် ရှမာရိသား ခေါင်းဆောင်များအပေါ် ကောင်းကင်တရားရုံးတော်က တရားစွဲဆိုသည့် အမှုထဲ ပါဝင်ကြဖို့ ဣသရေလတို့ကို ဘုရားသခင်က ဆင့်ခေါ် ခဲ့ခြင်း ဖြစ်သည်။

ဤ တရားမှုထဲ ဟောရှေ ဇနီး ဂေါမာကဲ့သို့ ဣသရေလ ပြုမူကျင့်ကြံခဲ့ရာ ဘဝအနေအထားများကို ဘုရားသခင် ရည်ညွှန်းခဲ့သည်။ ဂေါမာသည် ဟောရှေအပေါ် သစ္စာမဲ့ခဲ့ပြီး သူမ ၏ သားသမီးများအပေါ်သို့လည်း ဒုက္ခပြဿနာများ ကျရောက်စေခဲ့သည်။ အလားတူ ဣသရေလ ခေါင်းဆောင်များသည်လည်း ဘုရားသခင် အပေါ် သစ္စာမဲ့ခဲ့ပြီး ဣသရေလ တိုင်းနိုင်ငံအပေါ် ဒုက္ခပြဿနာများ ကျရောက်စေခဲ့သည်။ သို့သော် ဤ တရားတွေ့မှု အတွင်း ကိုယ်တော်၏ ပဋိညာဉ် ဆိုင်ရာ ကျိန်ခြင်းများအား ဣသရေလ တိုင်းနိုင်ငံတော် ခံစားစေရန် ဘုရားသခင် ချမှတ်စီရင်ခဲ့ကြောင်း ဟောရှေ အစီရင်ခံရုံသက်သက် မလုပ်ဆောင်ခဲ့ပါ။ တနေ့တွင် ဘုရားသခင်သည် ဣသရေလတို့အား ကိုယ်တော်ထံသို့ မြူဆွယ်ပိုးပန်းလိမ့်မည်ဖြစ်ကြောင်းကိုလည်း ဟောရှေ အစီရင်ခံခဲ့သည်။ တရားစီရင်ခြင်း ပြီးဆုံးသည့်နောက် ဘုရားသခင်သည် ဣသရေလအား ကိုယ်တော်၌ မူလအတိုင်း

တည်မြဲစေလိမ့်မည် ဖြစ်ပြီး မြောက်ပိုင်းမျိုးနွယ်စုများအပေါ်တွင်လည်း ကရုဏာတော်ကို ပြသလိမ့်မည် ဖြစ်သည်။

ဤကောင်းကင် တရားရုံးတော်အကြောင်း ပြောဆိုချက်များနောက်တွင် တရားစီရင်ချက်အပေါ် စူးစိုက်မှုနှင့် မျှော်လင့်ချက်တို့အား ၃း၁-၅ ပါ နောက်ပိုင်းကာလ မိသားစုအတွေ့အကြုံဖော်ပြချက်ဖြင့် အဆုံးသတ်ခဲ့သည်။

## နောက်ပိုင်းကာလ မိသားစု ဘဝ အတွေ့အကြုံများ (၃း၁-၅)

အစောပိုင်းကာလ မိသားစု ဘဝ အတွေ့အကြုံများနှင့် အလားတူစွာပင် ဟောရှေသည် ၃း၁-၃ အတွင်း မိသားစုအကြောင်း ကိုယ်တိုင်ရေး အထ္ထုပ္ပတ္တိဖြင့် အစပြုခဲ့သည်။ သူ့ဇနီးသည် ပြည့်တန်ဆာလုပ်၍ ဝတ်ပြုသည့် ယခင်ဘဝဟောင်းသို့ ပြန်ရောက်သွားခဲ့သည်။ သို့သော် သူမထံ တဖန် မေတ္တာပြဖို့ ဟောရှေကို ဘုရားသခင် မိန့်ဆိုခဲ့သည်။ ထို့ကြောင့် ဂေါမာကို ဟောရှေ ပြန်ရွေးဝယ်ခဲ့ပြီး အိမ်သို့ ပြန်ဆောင်ယူလာခဲ့သည်။

ဤ တိုတောင်းသော ဇာတ်ကြောင်းနောက်တွင် ဟောရှေ၏ မျှော်လင့်ခြင်းဆိုင်ရာ ဒုတိယမြောက် ပရောဖက်ပြု ထင်ဟပ်ချက်များက အတွဲလိုက် ပါရှိလာသည်။ ဣသရေလ တိုင်းနိုင်ငံတော်သည် အချိန်ကာလ တစ်ခုမျှ ဘုရားသခင့်ထံမှ ဆင်းရဲဒုက္ခများကို သည်းခံဖြတ်သန်းရလိမ့်မည် ဖြစ်ကြောင်း အဆိုပါ ကျမ်းချက်များအတွင်း ဟောရှေ ရှင်းပြခဲ့သည်။ သို့သော် ဘုရားသခင်နှင့် ဣသရေလ ဆက်နွယ်မှုကြောင့် ဣသရေလအပေါ် အကြီးအကျယ် ကောင်းချီးသက်ရောက်စေမည့် အချိန်ကာလသည် တနေ့သောအခါ အနာဂတ်၌ ပေါ်ထွန်းလာပေဦးမည်။

> ဤ နှိုင်းယှဉ် ဥပမာပေးချက်တွင် သူ့လူတို့ လေးစားခြင်းခံရသည့် ပရောဖက် ဟောရှေသည် ဘုရားသခင်ကို ကိုယ်စားပြုသည်။ ဟောရှေထက် ဘုရားသခင်က အလွန်ပင်ပိုမို ကြီးမြတ်သည်မှာ မှန်ပါသည်။ သို့သော် ၎င်းသည် ဥပမာအလင်္ကာ တစ်ခုသာ ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်လည်း လော်လီဖောက်ပြန်သော မိန်းမသည် ဣသရေလလူတို့ကို ကိုယ်စားပြုသည်။ သူတို့သည် ဘုရားသခင်ကို စွန့်ပယ်၍ အခြားသော ဘုရားတို့ကို ကိုးကွယ်ခြင်းအားဖြင့် ဘုရားသခင်အပေါ် သစ္စာမဲ့ခဲ့ကြသည်။ ထို့ကြောင့် ဘုရားသခင်သည် ဟောရှေအား ကိုယ်တော်၏ ဇာတ်ကြောင်းကို ပြန်လည်ဖော်ပြစေခဲ့သည်။ "ဣသရေလလူတို့သည် ငါနှင့် ခွာ၍ အခြားသော ဘုရားတို့ကို ဝတ်ပြုလျက် အဲဂုတ္တုတွင် သူတို့ ဒုစရိုက်ပြုနေစဉ်ပင် ငါသည် သူတို့ထံသွား၍ ဝေးသောအရပ်၌ သူတို့ သစ္စာမဲ့နေစဉ်မှာပင် သူတို့ကို ထိမ်းမြားလက်ထပ်ခဲ့သည်။ သူတို့ ငါနှင့်ဝေးကွာနေစဉ်မှာပင် သူတို့ကို ငါကယ်တင်ခဲ့၏။ သူတို့ ကောင်း၍ သူတို့ကို ငါကယ်တင်သည်မဟုတ်၊ သူတို့အား ငါ့ ကျေးဇူးကို ပြသလိုသောကြောင့်သာ သူတို့အား ငါကယ်ခဲ့၏"



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ပိုထူးဆန်းသည်မှာ အဆိုပါ မိန်းမကို လက်ထပ်ပြီးသည့်နောက် သူမသည် ပြန်လည် လော်လီဖောက်ပြားလိမ့်မည် ဖြစ်ကြောင်း ဘုရားသခင်က ဟောရှေကို မိန့်တော်မူခဲ့ခြင်း ဖြစ်သည်။ သို့တစေ တဖန် သွား၍ သူမကို ပြန်ဆောင်ယူခဲ့ဖို့ ဟောရှေအား ကိုယ်တော် မိန့်ဆိုခဲ့သည်။ ဤအရာသည် ဣသရေလလူတို့အပေါ် ဘုရားသခင် တသွေမတိမ်း လုပ်ဆောင်ခဲ့သောအရာပင် ဖြစ်တော့သည်။ ဣသရေလလူတို့ကို ဘုရားသခင် ကယ်တင်ပြီး သူတို့ကို ရှင်သန်အောင် ကျွေးမွေးပြုစုခဲ့ရုံမက အဲဂုတ္တုတွင် လော်လီဖောက်ပြား သစ္စာမဲ့စွာ အသက်ရှင်နေခဲ့သော်ငြား သူတို့လွတ်ခြင်းအခွင့်ရပြီးနောက် ဘုရားသခင်နှင့် ပဋိညာဉ်ပြုခဲ့သည့်နောက်ပိုင်းတွင်ပင် အခြားသော ဘုရားတို့ကို သစ္စာမဲ့စွာ ဝတ်ပြုသော ဘဝဟောင်းသို့ သူတို့ ပြန်သွားခဲ့ကြသည်။ လူတို့အား ဘုရားသခင် ဒဏ်ပေးပြီး သွန်သင်ဆုံးမခဲ့သော်ငြား လော်လီဖောက်ပြားသော ဇနီးသည်ကို ဟောရှေ ပြန်လက်ခံခဲ့သည့်နည်းတူ ဘုရားသခင်သည်လည်း ကိုယ်တော် ၏ ကျေးဇူးတော်၌ "ဇနီးမယား" ဆီသို့ သွားခဲ့သည်။ ဆိုလိုသည်မှာ လက်ထပ်ထိမ်းမြားပြီးသည့်နောက် လော်လီဖောက်ပြားသော သူ့လူတို့အား ကိုယ်တော်ထံ ပြန်လည်ခေါ်ယူတည်မြဲစေခဲ့သည်။

**Mr. Sherif Atef Fahim, Translation**

ခြုံ ၍ ဆိုပါလျှင် သူ့အမှုတော် အစောဆုံး အဆင့်များအတွင်း သူလက်ခံရရှိခဲ့သော ဗျာဒိတ်ဖွင့်ပြချက် အချို့ကို စုဆောင်း စီစဉ်ခြင်းဖြင့် ဟောရှေသည် ဟေဇကိမင်းလက်ထက် ယုဒပြည်ခေါင်းဆောင်များ နှင့် စပ်လျဉ်းပြီး ဟန်ချက်ညီသော ရှုထောင့်မှ အသေအချာ ဂရုစိုက် တင်ပြခဲ့သည်။

စာစောင်ရေးချိန်က မြောက်ပိုင်း နိုင်ငံတော်ကျဆုံးခြင်းဖြင့် ဘုရားသခင် ခြိမ်းခြောက် တော်မူသော စီရင်ချက်သည် ပြည့်စုံခြင်းသို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ သို့သော် ဘုရားသခင့်လူတို့ မျှော်လင့်ချက်မဲ့သွားဖို့ မဟုတ်ခဲ့ပါ။ ဤတရားစီရင်သည့်ကာလသည် ဘုရားသခင့် အထံတော်မှ ကြီးကျယ်သော ကောင်းချီးများကို ဣသရေလတို့ ခံယူရမည့် အနာဂတ်ကာလဆီ ဦးတည် ရောက်ရှိသွားလိမ့်ဦးမည်ဖြစ်သည်။

ဘုရားသခင့် အထံတော်မှ တရားစီရင်ခြင်း အကြောင်းနှင့် မျှော်လင့်ခြင်းအကြောင်းတို့ ဟန်ချက်ညီသည့် တင်ပြချက်ကို ပထမဆုံး အပိုင်းထဲ ဖော်ပြပြီးသည့်နောက် ဒုတိယအပိုင်းသည် ၄း၁-၉း၉ အတွင်း ဘုရားသခင့်ထံမှ လာသော တရားစီရင်ချက်ကို ဖွင့်ပြခြင်းဆီသို့ ပြောင်းရွှေ့ အလေးပေးသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# တရားစီရင်ချက်ကို ဖွင့်ပြခြင်း (၄း၁-၉း၉)

ဟောရှေစာစောင်၏ ဤအပိုင်းအား "ဖွင့်ပြခြင်း" ဟူ၍ ကျွန်ုပ်တို့ ခေါင်းစဉ်ပေးထားပါသည်။ အကြောင်းမှာ ၎င်းတွင် ရှည်လျားသော အချိန်ကာလတစ်လျှောက် ဟောရှေ လက်ခံရရှိခဲ့သည့် ဗျာဒိတ်ဖွင့်ပြချက်များ ပါရှိနေ၍ ဖြစ်သည်။ "တရားစီရင်ချက်" ဟုလည်း ကျွန်ုပ်တို့ ပြောဆိုပါသည်။ အကြောင်းမှာ အဆိုပါ ဟောရှေ အမှုဆောင်သည့် ဆယ်စုနှစ်များအတွင်း ဣသရေလနှင့် ယုဒ တို့အပေါ် ပဋိညာဉ် ဆိုင်ရာ ကျိန်ခြင်းများကို ဘုရားသခင် ကျရောက်စေသည့်အဖြစ်အား သီးသန့်ကွက်ပြီး စူးစိုက်ထား၍ ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့် ဆိုရလျှင် တရားစီရင်ချက်အကြောင်း ဖွင့်ပြသည့် အဆိုပါ အခန်းကြီးများအား အဓိကကျသော အပိုင်း နှစ်ပိုင်း ခွဲနိုင်သည်။ ၄း၁-၅း၇ အတွင်း ဘုရားသခင့် တရားတွေ့မှုအကြောင်း ပိုမိုပြောဆိုထားသည့် အပိုင်း နှင့် ၅း၈-၉း၉ အတွင်း ဘုရားသခင်၏ သတိပေး ဆင့်ခေါ်သံများ အပိုင်းတို့ ဖြစ်ကြသည်။ ဘုရားသခင့် တရားတွေ့မှုများ အကြောင်းကို ဦးစွာ စဉ်းစားကြည့်ကြပါစို့။

## ဘုရားသခင့် တရားတွေ့မှုများ (၄း၁-၅း၇)

ဤအပိုင်းထဲရှိ အစောပိုင်း ဘုရားသခင့် တရားစီရင်မှုအား ၄း၁-၁၉ တွင် တွေ့ရသည်။ တဖန် ကောင်းကင်တရားရုံး၌ ဥပဒေကြောင်းအရ ချိန်ဆမှုများအကြောင်းကို ဟောရှေသို့ အသိပညာပေးခြင်းဖြင့် ဘုရားသခင်သည် ကိုယ်တော်၏ အကြံအစည်တော်များအား ဖွင့်ပြခဲ့သည်။ ၄း၁ ပါ ဆင့်ခေါ်ချက်များကို နားထောင်ကြည့်ပါ။

> အို ဣသရေလ အမျိုးသားတို့၊ ထာဝရ ဘုရား၏ အမိန့်တော်ကို နားထောင်ကြလော့။ ထာဝရဘုရားသည် ပြည်သူပြည်သားတို့နှင့် တရားတွေ့မှု ရှိတော်မူ၏ (ဟောရှေ ၄း၁)။

ဤ အဖွင့်ကျမ်းချက်က ညွှန်ပြသလိုပင် ဘုရားသခင်သည် ဣသရေလတို့အပေါ် "တရားတွေ့မှု" ရှိသည့်အတွက်ကြောင့် သူတို့အား တရားရုံးသို့ ဆင့်ခေါ် ခဲ့သည်။ ဤနေရာတွင် "တရားတွေ့မှု" ဟူသော ဝေါဟာရသည် အစောပိုင်း ကျွန်ုပ်တို့ လေ့လာခဲ့သည့် ဟေဗြဲ စကား "*ရစ်ဘ်*" (ריב) ကို ပြန်ဆိုချက် ဖြစ်သည်။ ၎င်းသည် တရားစွဲဆိုခြင်းအတွက် ပညာရပ်ဆိုင်ရာ ဝေါဟာရ ဖြစ်သည်။

ပထမအပိုင်းနှင့်တကွ ပါဝင်အကြောင်းအရာများ ပြီးလျှင် ပြီးခြင်း ဤ အစောပိုင်း တရားတွေ့မှုကို ထည့်သွင်းဖော်ပြမှုက ၎င်းသည် ဘီစီ ၇၃၂ ၌ အာရှုရိ ကျူးကျော်လာမည့်အကြောင်း ဟောရှေ၏ အစောပိုင်း ပိုကျသည့် ပရောဖက်ပြုချက်တစ်ခု ဖြစ်သည်ကို အခိုင်အမာ အကြံပြုသည်။ သင် ပြန်အမှတ်ရမည် ဖြစ်သလို ဣသရေလတိုင်းအတွင်း ဤအချိန်ကာလ၌ မနေဟင်နှင့် ပေကဟိ တို့က ရုပ်တုကိုးကွယ်ခြင်းနှင့် မတရားမှုတို့ကို ဆက်လက် အားပေးမြှင့်တင်နေခဲ့သည်။ အာရှုရိတို့၏ နှောင့်ယှက်မှုကို ခေတ္တခဏ ခံစားရချိန်တွင် ဘုရားသခင်ထံ ခိုလှုံကိုးစားမည့်အစား မနေဟင်နှင့်

သူ့နောက်ဆက်ခံသည့် ပေကဟိတို့သည် အာရှုရိလူတို့နှင့်အတူ ၎င်းတို့ကိုးကွယ်သည့် ဘုရားများနှင့် မဟာမိတ်ပြုမှုအား ပြန်လည်ခိုင်မာစေခဲ့သည်။

ဣသရေလသည် အဆိုပါ အပြစ်မျိုးတို့ကို ကျူးလွန်ခဲ့ကြောင်း ဘုရားသခင်က ဤ တရားတွေ့မှု တစ်လျှောက် အတိအကျ စွပ်စွဲခဲ့သည်။ ထို့ပြင် အံ့သြဖွယ် မကောင်းလှစွာပင် ဆိုးဝါးပြင်းထန်သော အာရှုရိကျူးကျော်မှု ပုံစံမျိုးဖြင့် ဣသရေလအပေါ် ကျိန်ခြင်းများ ကျရောက်စေမည် ဖြစ်ကြောင်း ဘုရားသခင် ကြေညာခဲ့တော့သည်။ ၎င်းသည် ဘီစီ ၇၃၂ တွင် ဖြစ်ပေါ်ခဲ့သော ကျူးကျော်မှုကို အဖြစ်နိုင်ဆုံး ရည်ညွှန်းဖွယ်ရှိသည်။ ဤ သမိုင်းနောက်ခံအတွက် အခိုင်မာဆုံး သက်သေအဖြစ် အဆိုပါ အစောပိုင်းကာလ တရားတွေ့မှုထဲက ယုဒပြည်အကြောင်း ဟောရှေ ပြောဆိုထားသည့် အချက်တစ်ခု ရှိနေသည်။ ဟောရှေ ၄း၁၅ ၌ ဟောရှေ ပြောဆိုခဲ့သည်ကို နားထောင်ကြည့်ပါ။

> အို ဣသရေလ အမျိုး၊ သင်သည် ပြည့်တန်ဆာ လုပ်သော်လည်း ယုဒ အမျိုးကို မမှားယွင်းစေပါနှင့် (ဟောရှေ ၄း၁၅)။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့နိုင်သလိုပင် ယခုအချိန်တွင် ဣသရေလတိုင်းနိုင်ငံတွင်း အခြေအနေများနှင့် ယုဒတိုင်းနိုင်ငံအတွင်း အခြေအနေများအကြား တိကျပြတ်သားသော ဆန့်ကျင်ခြားနားမှုကို ဘုရားသခင် သတ်မှတ်ထားခဲ့သည်။ ဣသရေလသည် ဘုရားသခင်အပေါ် သစ္စာမဲ့သည့် အပြစ် ရှိနေသည်။ သို့သော် ဘုရားသခင်သည် ယုဒပြည်အား မြောက်ပိုင်း ဣသရေလကဲ့သို့ ဖြစ်မလာဖို့ သတိပေးခဲ့သည်။ ဣသရေလနှင့် ယုဒတို့အကြား ဤသို့သော ခြားနားခွဲခြားမှုက ဩဇိမင်းနှင့် ယောသံမင်းတို့ ဖြောင့်မတ်သောမင်းများအဖြစ် အုပ်စိုးခဲ့ကြသည့်အချိန်တွင် ဖြစ်ခဲ့သည့် ယုဒပြည်တွင်း အခြေအနေများကို ကျွန်ုပ်တို့အား သတိပေးနေသည်။ ထို့ကြောင့် ဘီစီ ၇၃၂ ကျူးကျော်မှု မတိုင်မီ အတောအတွင်း ဘုရားသခင်သည် ယုဒပြည်အပေါ် ကျိန်ခြင်းများကို ကြေညာခဲ့ခြင်း မရှိပေ။

ဤအချက်က ၅း၁-၇ အတွင်း ဘုရားသခင်၏ နောက်ပိုင်းကာလ တရားတွေ့မှုများဆီ ကျွန်ုပ်တို့ကို ခေါ်လာသည်။ ဤနေရာတွင် ကောင်းကင်တရားရုံးတော်၏ နောက်ထပ်မြင်ကွင်း တစ်ခုကို ကျွန်ုပ်တို့ တွေ့ရသည်။ စွပ်စွဲခံရသူအား တရားရုံးတော်သို့ ၅း၁ က ဆင့်ခေါ်ပုံကို နားထောင်ကြည့်ပါ။

> အို ယဇ်ပုရောဟိတ်တို့ ကြားကြလော့။ အို ဣသရေလ အမျိုးသားတို့၊ နားထောင်ကြလော့။ အို နန်းတော်သားတို့၊ မှတ်မိကြလော့။ သင်တို့သည် စစ်ကြောစီရင်ခြင်းကို ခံရကြမည် (၅း၁)။

ဤ ကျမ်းချက်သည် ပညာသည် ဝေါဟာရ "ရစ်ဘ်" (**ביב**) ကို မသုံးထားသော်လည်း အပြစ်ရှိသည့် "ယဇ်ပုရောဟိတ်များ" "ဣသရေလ အမျိုးသားများ" နှင့် "နန်းတွင်းသားများ" အား တရားရုံးတော်သို့ ဆင့်ခေါ်ခဲ့ပြီး အဆိုပါ ဆင့်ခေါ်ချက်များ ၏ ရည်ရွယ်ချက်သည် "တရားစီရင်မှု" ပြုရန် သို့မဟုတ် ဟေဗြဲလို *မစ်ရှ်ပတ်တ်* (**מִשְׁפָּט**) ပင် ဖြစ်သည်။ *ရစ်ဘ်* ဟူသော ကြိယာကဲ့သို့ပင် (**ביב**) ဤဝေါဟာရသည် ကောင်းကင်တရားရုံးတွင် ဥပဒေကြောင်းအရ ဆင်ခြင်ချိန်ဆများကို ဆိုလိုသည်။

ဤတရားတွေ့ခြင်းတွင် ပါဝင်သော အကြောင်းအရာတို့က ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်လာချိန် ပိုမို နီးကပ်လာသည်နှင့်အမျှ နောက်ပိုင်းကာလ ပရောဖက်ပြုချက်တို့အား ဟောရှေ ရရှိကာ ဆင့်ဆိုခဲ့ချိန်၌ အဆိုပါ တရားတွေ့မှု အစပြုခဲ့ကြောင်း ညွှန်ပြနေသည်။ ဣသရေလ နန်းတွင်းသားတို့က "မိဇပါ" နှင့် "တာဗော်" ရှိလူများကို ဖိနှိပ်ခဲ့ကြောင်း ဟောရှေ ၅း၁ က ဖော်ပြရာ၌ အဆိုပါ သမိုင်းကြောင်းနှင့် ၎င်းက မိတ်ဆက်ပေးခြင်းလည်း ဖြစ်သည်။ ဤအချက်သည် အရေးကြီးသည်။ အကြောင်းမှာ ရှေးဟောင်းသုတေသန ရှာဖွေတူးဆွမှုများအရ အဆိုပါနယ်မြေတို့သည် ဣသရေလကို တိကလတ်ပိလေသာ ၃ ကျူးကျော်ပြီး လက်အောက်ခံအဖြစ်သွတ်သွင်းချိန် ဘီစီ ၇၃၂ မတိုင်မီထိသာ ဣသရေလတို့ လက်အောက်တွင် ရှိနေခဲ့ကြောင်း ညွှန်ပြနေ၍ ဖြစ်သည်။ ၅း၁၃ တွင် ခေါ်ဝေါ်ထားသလို "ကြီးမြတ်သော ရှင်ဘုရင်" သို့မဟုတ် တိကလတ်ပိလေသာ ၃ ထံမှ အကူအညီကို အချည်းနှီး တောင်းခံနေကြောင်း ဣသရေလကို ဘုရားသခင် စွပ်စွဲခဲ့သည်မှာ မှတ်သားဖွယ် ဖြစ်သည်။

ဤအချိန်တွင် ဣသရေလတိုင်းတွင် ပေကာမင်းသည် ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့ကို ဆက်လက် အားပေးမြှင့်တင်နေခဲ့ကြောင်း သင်အမှတ်ရပါလိမ့်မည်။ သူသည် ရှုရိနှင့်လည်း မဟာမိတ်ဖွဲ့ထားသည်။ အာရှုရိသို့ အခွန်အခ ပေးဆက်ရမှုကို ဆန့်ကျင်ရန် ဖွဲ့ထားသည့် ရှုရိ-ဣသရေလ ညွန့်ပေါင်းအဖွဲ့ ဖြစ်သည်။ ထို့ကြောင့် လူအမြောက်အများ သေကြေပျက်ဆီးစေမည့် အာရှုရိ ကျူးကျော်မှုအားဖြင့် ကျိန်ခြင်းများ ဣသရေလထံ ရောက်လာမည့်အကြောင်း ဘုရားသခင့် နောက်ပိုင်းကာလ တရားတွေ့ခြင်းအမှုက သတိပေးခဲ့သည်။

နောက်တဖန် ဤသမိုင်းနောက်ခံအတွက် အရေးအကြီးဆုံး သက်သေမှာ ယုဒပြည်အပေါ် ဟောရှေ အာရုံစိုက်မှု ဖြစ်သည်။ ဤသင်ခန်းစာထဲ ကျွန်ုပ်တို့ ဖော်ပြခဲ့သလိုပင် ရှုရိ-ဣသရေလ ညွန့်ပေါင်း မဖွဲ့မီကလေးတွင် အာခတ်မင်းသည် ယုဒ ရှင်ဘုရင် ဖြစ်လာသည်။ သို့သော် သူ့ဖခင်နှင့် အဖိုးကဲ့သို့ မဟုတ်ဘဲ အာခတ်သည် ရုပ်တု ကိုးကွယ်ခြင်းနှင့် မတရားမှုတို့ကို မြှင့်တင်ခဲ့သည်။ သူ့ ရန်သူများကို ခုခံကာကွယ်ရန် အာရှုရိနှင့်တကွ ၎င်းတို့ ဘုရားများနှင့်လည်း သူ မဟာမိတ်ဖွဲ့ခဲ့သည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် ဤတရားတွေ့မှုထဲ၌ ဘုရားသခင်သည် ယုဒအား ကျိန်ခြင်းဖြင့် ပထမဆုံးအကြိမ် ခြိမ်းခြောက်ခဲ့သည်။ ဟောရှေ ၅း၅ ၌ ယုဒသို့ မိန့်ဆိုထားပုံကို နားထောင်ကြည့်ပါ။

> ဣသရေလ နှင့် ဧဖရိမ်သည် မိမိတို့ အပြစ်၌ လဲ၍ သူတို့နှင့်အတူ ယုဒအမျိုးသည်လည်း လဲလိမ့်မည် (ဟောရှေ ၅း၅)။

ဤနေရာတွင် ဘုရားသခင့် အစောပိုင်း တရားတွေ့ခြင်းနှင့် ဆန့်ကျင်ခြားနားပုံကို သတိပြုမှတ်သားပါ။ ၄း၁၅ တွင် ဣသရေလကဲ့သို့ အလားတူ ဖြစ်မလာဖို့ကိုသာ ယုဒကို ဘုရားသခင် သတိပေးခဲ့သည်။ သို့သော် ယခုကျမ်းချက်က ညွှန်ပြသည့်အတိုင်း နောက်ပိုင်း တရားတွေ့မှု ဖြစ်ပေါ်ချိန်တွင် အာခတ်မင်းသည် ဣသရေလအား လမ်းလွဲစေခဲ့ပြီး ဖြစ်သောကြောင့် ယုဒသည် ဣသရေလနှင့် အတူတကွ ဘုရားသခင့် ရှေ့တော်၌ အပြစ်ရှိလာခဲ့ပြီး ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ရှုရိနှင့် ဣသရေလ ညွန့်ပေါင်းအဖွဲ့သည် အာခတ်မင်းလက်ထက်တွင် ယုဒပြည်ကို အမှန်ပင် တိုက်ခိုက်ခဲ့ပြီး အာရှုရိကို ဆန့်ကျင်ရေးအတွက် သူတို့ ညွန့်ပေါင်းအဖွဲ့နှင့် ပူးပေါင်းဖို့ ယုဒအပေါ် ဖိအားပေးရန် ကြိုးစားခဲ့သည်။ ယခုတွင် ပေါ်လာမည့် အကျိုးရလာဒ်ကို ကြိုတင်နိမိတ်ဖတ်နိုင်ပြီ ဖြစ်သည်။ အာရှုရိတို့က မလိုလားသောကြောင့် ရလာဒ်အနေဖြင့် နှစ်အနည်းငယ်အကြာတွင်ပင် အာရှုရိတို့ ဝင်ရောက်လာပြီး ရှုရိကို အလုံးစုံ ဖျက်ဆီးခဲ့သည်။ ဣသရေလကိုလည်း ဒူးထောက်အညံ့ခံစေခဲ့သည်။  ၎င်းတို့အား သူတို့ လက်အောက်ခံဖြစ်စေပြီး အာရှုရိ နိုင်ငံတော်သို့ ကြီးလေးသော အခွန်အခများ ပေးဆက်ဖို့ သစ္စာခံယူစေခဲ့သည်။ အမှန်ဆိုရလျှင် တောင်ပိုင်း နိုင်ငံတော်ကိုယ်တိုင်သည်လည်း ဒုက္ခဆင်းရဲများ ကြုံခဲ့ရသည်။ အကြောင်းမှာ ညွန့်ပေါင်းအဖွဲ့၏ တိုက်ခိုက်မှုကို သူတို့ ခံခဲ့ရရုံမက လုံခြုံမှုအတွက် အာရှုရိ အင်ပါယာထံသို့ပါ သူတို့ အညံ့ခံခဲ့ရသည်။ အမှန်စင်စစ် အာခတ်မင်းကို ပရောဖက် ဟေရှာယက  "ထိုသို့ မလုပ်ပါနှင့်။ ဘုရားသခင်ထံမှသာ ကူညီမစမှုကို တောင်းခံပါ။ သင့်ကို တိုက်လာသော ဤညွန့်ပေါင်းအဖွဲ့ကြီး ရန်မှ သင့်အား ကိုယ်တော် ကွယ်ကာပေးပါလိမ့်မည်" ဟု ပြောဆိုခဲ့ပြီးသား ဖြစ်သည်။   သို့သော် အာခတ်မင်းက ငြင်းဆန်ခဲ့သည်။ "မဟုတ်ပါ။ ကိုယ်တိုင်မြင်ရသည့် အရာဆီက ရသည့် အကူအညီမျိုးကိုသာ လိုအပ်ပါသည်။ ထိုအကူအမသည် အာရှုရိ အင်ပါယာသာ ဖြစ်ပါသည်" ဟု အာခတ် ဆိုခဲ့သည်။ သို့ဖြစ်၍ ထိုအချိန်ကာလ၌ ယုဒ နိုင်ငံကိုယ်တိုင်သည် အာရှုရိ အင်ပါယာ ၏ လက်အောက်ခံ နိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။
>
> **Dr Richard L. Pratt, Jr.**

တရားစီရင်ချက်များကို ဖွင့်ပြသည့် ဟောရှေ၏ ပရောဖက်ပြုချက်တို့သည် ဘုရားသခင့် တရားတွေ့မှုများပြီးသည့်နောက်တွင် ၅း၈-၉း၉ ပါ နှိုးဆော်မှုအတွက် ဘုရားသခင့် တိုက်တွန်းချက်များဆီ လှည့်သွားသည်။

## နှိုးဆော်မှုအတွက် ဘုရားသခင့် တိုက်တွန်းချက်များ (၅း၈-၉း၉)

ရှေး ဣသရေလတို့တွင် ဟေဗြဲလို *ရှိဖာ* (**שׁוֹפָר**) ဟု ခေါ်သည့် တဖက်မှ တဖက်သို့ ဟောင်းလောင်းပေါက်ဖြစ်သော ဆိတ်ချိုု သို့မဟုတ် ဟေဗြဲလို *ခက်တ်ဆိုရာ့* (**חֲצֹצְרָה**) ဟု ခေါ်သည့် ငွေတံပိုးကို မှုတ်ပြီး စစ်တပ်များကို စစ်ပွဲထဲသို့ ခေါ်သွင်းလေ့ရှိသည်။ အခါများစွာတွင် ဘုရားသခင် ကိုယ်တော်တိုင် ဤအလေ့အထကို ရည်ညွှန်းပြီး စစ်ပွဲကြေညာခြင်း၊ စစ်ပွဲရပ်တန့်ခြင်းများ လုပ်ခဲ့သည်။ ဤကဏ္ဍထဲတွင် ထိုသို့သော တိုက်တွန်းချက် နှစ်ခုကိုတွေ့ရသည်။

**နှိုးဆော်မှုအတွက် ပထမ တိုက်တွန်းချက် (၅း၈-၇း၁၆)** နှိုးဆော်မှုအတွက် ပထမ တိုက်တွန်းချက်သည် ၅း၈-၇း၁၆ တွင် ပါရှိသည်။ ၅း၈ တွင် အစပြုသော စကားလုံးများမှာ "တံပိုး *ရှိဖာ* (**ရှောဖ်**) ကို မှုတ်ကြလော့" ၊ "ဂိဗာမြို့၌ *ခက်တ်ဆိုရာ့* (**ဂက္ခဍ်ပ္ရွ**) နဲ့ခရာကို မှုတ်ကြလော့" "ရာမမြို့၌ တံပိုးကို မှုတ်ကြလော့" စသည်တို့ ဖြစ်ကြသည်။ နှိုးဆော်ချက်အတွက် တိုက်တွန်းချက်ပါ အကြောင်းအရာတို့ကို ကျွန်ုပ်တို့ စိစစ်သည့်အခါ ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်စစ်အကြောင်း ဟောရှေ၏ အစောပိုင်းကာလ ပရောဖက်ပြုချက်များနှင့် အစပြုခဲ့ပုံ ရသည်။ အထောက်အထားအနေဖြင့် ၇၃၂ ဘီစီ၌ အာရှုရိတို့ ယခင်က ကျူးကျော်ခဲ့မှုကို ရည်ညွှန်းသည့် ကျမ်းချက် နှစ်ခု ရှိနေသည်။ ဟောရှေ ၅း၁၁ တွင် အာရှုရိတို့သည် ဣသရေလတို့အား မည်သို့ "ညှင်းဆဲခဲ့ပြီး" ကြောင်း နှင့် "ဆုံးရှုံးစေခဲ့ပြီး" ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။ ဟောရှေ ၆း၁ ကလည်း ဣသရေလတို့သည် "ကိုက်ဖြတ်ခံရပြီး" ကြောင်းနှင့် "ဒဏ်ခတ်ခံရပြီး" ကြောင်း ဂရုပြု မှတ်သားထားသည်။ ထပ်ပြီး ဆိုရလျှင် ၇း၁၁ ၌ ဘုရားသခင်က ဣသရေလသည် " အဲဂုတ္တုပြည်ကို ဟစ်ခေါ်ကြောင်း၊ အာရှုရိ ပြည်သို့ ပြေးတတ်ကြောင်း" စွပ်စွဲထားသည်။

ကျွန်ုပ်တို့ သိကြသလိုပင် အာရှုရိ လူတို့သည် ဣသရေလကို ဘီစီ ၇၃၂ ၌ တိုက်ခိုက်အောင်မြင်ပြီးသည့်နောက် ဟောရှေမင်းအား ဣသရေလ ရှင်ဘုရင်အဖြစ် ခန့်အပ်ပြဌာန်းခဲ့ပြီးသား ဖြစ်သည်။ ဟောရှေမင်းသည် ရုပ်တုကိုးကွယ်မှု၊ မတရားမှုတို့၌ ဆက်လက်ကျင်လည်ခဲ့ပြီး အချိန် အတိုင်းအတာတစ်ခုအထိ အာရှုရိနှင့် မိတ်သဟာယကို စိတ်ထက်သန်စွာ ထိန်းသိမ်းခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အကွယ်အကာအတွက် အဲဂုတ္တုပြည်ထံ လှည့်သွားခြင်းဖြင့် အာရှုရိ လွှမ်းမိုးအုပ်ချုပ်မှုမှ လွတ်မြောက်ရန် ကြိုးစည်ခဲ့သည်။ ဘုရားသခင့် အထံတော်မှ ကျိန်ခြင်းများ ပိုမိုများပြားစွာ ရောက်လာတော့မည့်အကြောင်း သတိပေးခြင်းအားဖြင့် အဆိုပါ ဒုစရိုက်တို့ ၏ ဆိုးရွားသော အကျိုးဆက်ကို ဟောရှေ ဖော်ထုတ်ပြခဲ့သည်။ အဆိုပါ ကျိန်ခြင်းတို့မှာ ဘီစီ ၇၂၂ တွင် အာရှုရိတို့၏ ဖျက်ဆီးသတ်ဖြတ်သော ကျူးကျော်မှုပုံစံဖြင့် ရောက်ရှိခဲ့သည်။

ယုဒတိုင်းနိုင်ငံတော် အပေါ် အဆိုပါ အခန်းကြီးတို့၏ အထူးအာရုံစိုက် ဖော်ပြမှုတို့ကလည်း နောက်ခံသမိုင်းကြောင်းကို အတည်ပြုပေးနေကြသည်။ ဤအချိန်သည် အာခတ်မင်းက ယုဒပြည်ကို အုပ်စိုးပြီး ယုဒပြည်ကိုလည်း ရုပ်တုကိုးကွယ်မှု၊ မတရားမှုများထဲသို့ ခေါ်သွင်းနေချိန် ဖြစ်သည်။ ထို့ပြင် ဘုရားသခင်ကို ယုံကြည်ကိုးစားရမည့်အစား အာခတ်မင်းသည် အာရှုရိလူတို့နှင့် သူတို့ ဘုရားများနှင့် မိတ်ဖွဲ့ခြင်းအားဖြင့် သူ့ရန်သူတို့ထံမှ ကွယ်ကာရာကို ရှာခဲ့သည်။ အကျိုးရလာဒ် အနေဖြင့် အဆိုပါ အခန်းကြီးတို့သည် ယုဒပြည်အပေါ် ကျရောက်သော ဘုရားသခင့် အကျိန်တို့အပေါ် များစွာ အာရုံစိုက်ထားသည်။ အဆိုပါ စကားများကို ဟောရှေ ဆင့်ဆိုထားရာ ၅း၁၀-၁၄ ကို နားထောင်ကြည့်ပါ။

> ယုဒမင်းတို့သည် မြေမှတ်တိုင်တို့ကို ရွှေ့သောသူကဲ့သို့ ဖြစ်ကြ၏။ ငါသည် ငါ့အမျက်တော်ကို ရေကဲ့သို့ သွန်းလောင်းမည်။ .... ငါသည် ယုဒအမျိုး၌ စားတတ်သော အနာကဲ့သို့ ဖြစ်မည်။ ယုဒသည် မိမိအနာကို မြင်သောအခါ ....



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ငါသည် ယုဒ အမျိုး၌ ခြင်္သေ့ပျိုကဲ့သို့ ဖြစ်မည်။ ငါသည် ကိုယ်တိုင် ကိုက်ဖြတ်၍ သွားမည်။ အဘယ်သူမျှ မနှုတ်ရ (ဟောရှေ ၅း၁၀-၁၄)။

တဖန် ၆း၄ တွင် ဘုရားသခင်က အာခတ်မင်းနှင့် ယုဒပြည်တို့ကြောင့် ကိုယ်တော် စိတ်ပျက်အားငယ်ကြောင်း ဖော်ပြထားသည်မှာ

> အို ယုဒ၊ သင်၌ အဘယ်သို့ ငါပြုရမည်နည်း (ဟောရှေ ၆း၄)။

ထို့နောက် အခန်းငယ် ၁၁ တွင်လည်း ဘုရားသခင် အံ့သြစွာ ဟစ်ကြော်ခဲ့သည်မှာ

> အို ယုဒအမျိုး၊ စပါးရိတ်ရာကာလသည် သင့်အဖို့ ခန့်ထားလျက်ရှိ၏ (ဟောရှေ ၆း၁၁)။

ဤနေရာတွင် ဣသရေလ တိုင်းနိုင်ငံတော်နှင့်တကွ ယုဒအတွက် စပါးရိတ်ရာကာလကို ခန့်ထားပြီး ဖြစ်ကြောင်း ဘုရားသခင် ကြေညာခဲ့သည်။ ယခု ဤအခန်းငယ်၏ ကျန်တစ်ဝက်သည် ဘုရားသခင့်လူတို့ကို ပြန်လည်တည်မြဲစေမည့်အကြောင်းကို ပြောဆိုထားကြောင်း ကျွန်ုပ်တို့ ဂရုထားမိဖို့ လိုပါသည်။ သို့သော် အနက်ဖွင့်သူ အများစုနှင့် အချို့သော ခေတ်သစ် ဘာသာပြန်ဆိုသူများက ညွှန်ပြထားကြပြီး ဖြစ်သည်နှင့်အညီ အခန်းငယ် ၁၁ ၏ ကျန်တစ်ဝက်သည် အမှန်ပင် နောက်ပိုင်း ၇း၁ တွင် ဖော်ပြပါရှိသည့် ပရောဖက်ပြုချက်နှင့် သက်ဆိုင်မှု ရှိနေသည်။ ထို့ကြောင့် ဤ ရှုထောင့်အရ ခန့်ထားသော "စပါးရိတ်ရာကာလ" သည် အာရှုရိလူတို့လက်၌ ယုဒပြည် ဖျက်ဆီးခံရမှုကို ဆိုလိုသည်။

**နှိုးဆော်မှုအတွက် ဒုတိယ တိုက်တွန်းချက်** နှိုးဆော်မှုအတွက် ဒုတိယမြောက် ဘုရားသခင့် တိုက်တွန်းချက်ကို ၈း၁-၉း၉ အတွင်း တွေ့ရသည်။ ၎င်းသည် ၈း၁ တွင် "တံပိုးမှုတ်လော့" ဟူသော အမိန့်ပေးချက် သို့မဟုတ် *ရှိုဖာ* (**רשׁוֹפָ**) ကို "သင့်နှုတ်ခမ်း၌ ထားလော့" ဟူသော စကားရပ်နှင့် အစပြုသည်။ ဤ ဒုတိယမြောက် တိုက်တွန်းချက်တွင် ပါသည့် အကြောင်းအရာသည် ၇၂၂ ဘီစီ ၌ အာရှုရိတို့ ကျူးကျော်လာမည့် အဖြစ်အပျက် တစထက်တစ နီးကပ်လာသည်နှင့်အမျှ ၎င်းသည် နောက်ပိုင်းကာလ ဟောရှေ ဆင့်ဆိုသည့် ပရောဖက်ပြုချက်များထဲ အပါအဝင် ဖြစ်ကြောင်း အခိုင်အမာ အကြံပြုနေသည်။ ဤအချိန်တွင် ဣသရေလရှင်ဘုရင် ဟောရှေမင်းသည် ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့၌ ဆက်လက် ကျင်လည်နေခဲ့သည်။ အဲဂုတ္တုပြည်နှင့် မိတ်ဖွဲ့ထားမှု အပေါ်တွင်လည်း ဆက်လက်မှီခိုနေခဲ့သည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် ဟောရှေသည် များမကြာမီ ရောက်လာတော့မည့် ဘုရားသခင့် ကျိန်ခြင်းများအကြောင်း သတိပေးခဲ့ရတော့သည်။ "သူတို့သည် အာရှုရိ ပြည်၌ မစင်ကြယ်သောအစာကို စားရကြမည်" အကြောင်း ၉း၃ ၌ သူ ကြေညာခဲ့သည်။ များမကြာမီတွင် ရှာလမနေဇာ ၅ သည် ရှမာရိကို လက်အောက်ခံပြုခဲ့သည်။ တဖန် ၇၂၂ ဘီစီတွင် အာရှုရိ ဘုရင်သစ် သာဂုန် ၂ သည်လည်း ရှမာရိကို ဖျက်ဆီးပြီး ဣသရေလတိုင်းနိုင်ငံတော်ကို အဆုံးသတ်လိုက်တော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> လူအများကို စိတ်ရှုပ်ထွေးကျန်ရစ်စေသည့် မေးခွန်းတစ်ခုမှာ "အာရှုရိတို့လို သာသနာပလူတို့လက်အတွင်းသို့ မိမိလူမျိုးတို့ကို ဘုရားသခင် ရောက်ရှိခွင့်ပေးခြင်းသည် အဘယ်သို့ ဖြစ်နိုင်ပါသနည်း" ဟူ၍ ဖြစ်သည်။ ဟုတ်ပါပြီ။ တရားစီရင်ချက်တို့ကို ခံထိုက်၍ ခံရကြောင်း ပြသခြင်းဖြင့် ဤမေးခွန်းကို တုန့်ပြန်ရန် ဟောရှေ ရည်ရွယ်ထားသည်။ မကြာခဏဆိုသလို သူ့လူတို့အား ဘုရားသခင် သတိပေးခဲ့ပြီးဖြစ်သည်။ ပရောဖက်တို့ကို ဘုရားသခင် စေလွှတ်ခဲ့ပြီးဖြစ်သည်။ သူတို့၏ မနာခံခြင်းနှင့် သစ္စာမဲ့မှုများအတွက် အကျိုးဆက်များ ရှိလိမ့်မည်ဖြစ်ကြောင်း သူတို့ကို ဘုရားသခင် မိန့်ဆိုခဲ့ပြီး ဖြစ်သည်။ မည်သို့ပင်ဆိုစေ သူ့စာစောင်ထဲ ဟောရှေ အသေးစိတ် ပြထားသလို ပဋိညာဉ်အပေါ် သူတို့၏ သစ္စာမဲ့မှုအတွက် သူတို့ နောင်တရလိုစိတ် မရှိခဲ့ကြပေ။ ထို့ကြောင့် "ဆင်းရဲဒုက္ခခံရသောသင်တို့ ရှိသမျှတို့ သင်တို့ ခံရခြင်းသည် ခံသင့်ခံထိုက်၍ ခံရခြင်းဖြစ်သည်။ ဘုရားသခင်သည် သင်တို့အား သတိပေးခဲ့သော်လည်း သင်တို့ နောင်တရလိုစိတ် မရှိခဲ့ကြ" ဟု သူတို့ကို ပြောပြရန် ဟောရှေ ရေးသားရခြင်း ဖြစ်သည်။ ထို့ကြောင့် အလွန်စောစီးစွာကပင် ဘုရားသခင် သတိပေးခဲ့သော တရားစီရင်ချက်ကို အကောင်အထည်ဖော်ရန်မှတပါး အခြားသော ဖြေဆေး မရှိခဲ့တော့ပေ။

**Dr David Correa, translation**

ဤ သမိုင်းနောက်ခံအား ယုဒပြည်အကြောင်း ဤကျမ်းပိုဒ်က ပြောဆိုထားမှုအားဖြင့်လည်း အတည်ပြု၍ရသည်။ ဣသရေလ တိုင်းနိုင်ငံ တည်ရှိနေမှု အဆုံးသတ်တော့မည့် နှစ်များအတွင်း အာခတ်နှင့် ဟေဇကိမင်းတို့သည် ယုဒပြည်ကို ပူးတွဲအုပ်စိုးခဲ့ကြသည်။ ဟေဇကိမင်းသည် အာခတ်၏ ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့မှ ယုဒပြည်ကို စတင်လှည့်လာစေသည်။ ဤအရ သူသည် စစ်မှန်သော ပြုပြင်ပြောင်းလဲရေးသမား တစ်ဦး ဖြစ်ခဲ့သည်။ သို့သော် ဟေဇကိမင်းသည်လည်း အာရှုရိကို ဆန့်ကျင်ရန် ယုဒပြည်ကို ခိုင်ခံ့အောင် ပြုခြင်းဖြင့် မိမိကိုယ်ကိုမိမိ ကိုးစားခဲ့ပြန်သည်။ ထို့နောက် ဘုရားသခင်၌ ခိုလှုံကိုးစားရမည့်အစား အဲဂုတ္တု နှင့်တကွ ၎င်း၏ ဘုရားများနှင့် မိတ်ဖွဲ့ရန် ရှာကြံခဲ့ပြန်သည်။ အဆိုပါ လုပ်ဆောင်ချက်တို့ကြောင့် ယုဒပြည်သည် အာရှုရိတို့အားဖြင့် ပိုမိုများပြားသော ကျိန်ခြင်းတို့ကို ရင်ဆိုင်ရတော့မည် ဖြစ်ကြောင်း ဘုရားသခင် ကြေညာရတော့သည်။ ၈း၁၄ တွင် ဘုရားသခင် မိန့်ဆိုထားသည်မှာ

> ယုဒသည်လည်း ခိုင်ခံ့သော မြို့တို့ကို များပြားစေတတ်၏။ သို့ရာတွင် ငါသည် ထိုမြို့များကို မီးရှို၍ ဘုံဗိမ္မာန်များကို မီးလောင်ရလိမ့်မည် (ဟောရှေ ၈း၁၄)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤ ပရောဖက်ပြုချက်သည် ဆယ်စုနှစ် နှစ်ခုမျှ ကြာသည့်နောက် ဘီစီ ၇၀၁ တွင် သနာခရိပ် က ယုဒပြည်ကို ကျူးကျော်ပြီး မြို့များစွာကို ဖျက်ဆီးကာ ယေရုရှလင်ကို ဝိုင်းပတ်လုပ်ကြံသည့်အချိန်၌ ပြည့်စုံခဲ့သည်။

သင်စိတ်ကူးကြည့်နိုင်သလိုပင် တရားစီရင်မည့်အကြောင်း အဆိုပါ ပရောဖက်ပြုချက် ရှိသမျှတို့ကို ဟောရှေ ပထမဆုံး လက်ခံရရှိချိန်တွင် ၎င်းတို့၌ ဣသရေလနှင့် ယုဒပြည်တို့အတွက် သွယ်ဝိုက် ရိုက်ခတ်မှုများစွာ ရှိခဲ့သည်။ အဆင့်တိုင်း၌ ၎င်းတို့သည် ချဉ်းကပ်လာနေသော တရားစီရင်ချက်အကြောင်း သတိပေးပြီး နောင်တရဖို့ ဖိတ်ခေါ် ခဲ့သည်။ သို့သော် နောက်ပိုင်းကာလ သူ့စာစောင် ဒုတိယပိုင်းအတွင်း အဆိုပါ ပရောဖက်ပြုချက်တို့ကို ဟောရှေ ထည့်သွင်းပုံဖော်သည့်အခါ အဆိုပါ တရားစီရင်ချက်က ခြိမ်းခြောက်သော အရာတို့သည် ပြည့်စုံခဲ့ကြပြီး ဖြစ်သည်။ ဘီစီ ၇၂၂ တွင် အာရှုရိလက်သို့ ဣသရေလ ကျဆင်းခဲ့သည်။ ဟေဇကိမင်းလက်ထက်တွင် အာရှုရိတို့ တိုက်လာခဲ့ပြီး ယုဒနယ် အများအပြားကို ဖျက်ဆီးခဲ့သည်။ သို့တစေ အဆိုပါ ပရောဖက်ပြုချက်များတွင် ဟေဇကိမင်းလက်ထက် ယုဒခေါင်းဆောင်တို့ကို သွန်သင်ရန် ဉာဏ်ပညာ ကြွယ်ဝစွာ ပါရှိနေသည်။ သူတို့သည် ဣသရေလတိုင်းနိုင်ငံကို ဘုရားသခင် ဖျက်ဆီးရခြင်းအကြောင်းအား အတော်ကလေး အသေးစိတ် ရှင်းပြထားရုံမက ယုဒပြည်ကို ဆန့်ကျင်ရန်အတွက် ထိုသို့သော ဖျက်ဆီးတတ်သည့် အားအင်ဖြင့် အာရှုရိလူတို့အား အဘယ်ကြောင့် ဘုရားသခင်စေလွှတ်ခဲ့သည်ကို ရှင်းပြထားသည်။

ယခုတွင် ဟောရှေ စာစောင်၏ ပထမပိုင်း ဖွဲ့စည်းပုံနှင့် ပါဝင်အကြောင်းအရာတို့သည် ဘုရားသခင့်ထံတော်မှလာသော တရားစီရင်ချက်နှင့် မျှော်လင့်ခြင်းတို့အပေါ်တွင် မည်သို့ စူးစိုက်ထားသည်ကို၎င်း၊ ဒုတိယပိုင်းသည် ဘုရားသခင့် တရားစီရင်ချက်အကြောင်း ဖွင့်ပြချက်ကို မည်သို့ ကိုင်တွယ်ထားသည်ကို၎င်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်၍ ၉း၁၀-၁၄း၈ အတွင်း ဘုရားသခင့်ထံတော်မှ လာသော မျှော်လင့်ခြင်းကို ဖွင့်ပြခြင်းဆိုင်ရာ ဟောရှေ ပရောဖက်ပြုချက်များ တည်းဟူသော စာစောင်၏ အဓိကကျသော တတိယပိုင်းဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။

## မျှော်လင့်ခြင်းကို ဖွင့်ပြခြင်း (၉း၁၀-၁၄း၈)

ဤအပိုင်းအား "ဖွင့်ပြခြင်း" ဟု ကျွန်ုပ်တို့ ခေါ်ဆိုပါသည်။ အကြောင်းမှာ နှစ်ပေါင်းများစွာအတွင်း သူလက်ခံရရှိခဲ့သော ပရောဖက်ပြုချက်များထဲမှ တဖန် ထုတ်ယူဆင်ခြင်ခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် ၎င်းအား "မျှော်လင့်ခြင်း" ဟု ကျွန်ုပ်တို့ ခေါ်ဆိုပါသည်။ အကြောင်းမှာ ကိုယ်တော်၏ စီရင်ချက်အောက်တွင် အပြင်းအထန် သူတို့ ခံစားခဲ့ရပြီးသည့်တိုင် ဘုရားသခင့်လူတို့သည် ဘုရားသခင့် အထံတော်မှ ကောင်းချီးများ ခံစားရန် မည်သို့မည်ပုံ မျှော်လင့်ချက် ဆက်လက်ထားရှိနိုင်သေးသည် ဆိုသည့်အပေါ် ၎င်းက အလေးပေးထား၍ ဖြစ်သည်။

သူ့စာစောင် ဒုတိယပိုင်းထဲတွင် ဣသရေလနှင့် ယုဒတို့အပေါ် ချမှတ်သည့် ဘုရားသခင့် တရားစီရင်ချက်ကိုသာ သီးသန့်နီးပါး ကိုင်တွယ်ထားသည်။ ဤနေရာတွင် သူ့စာစောင်ကို ဟောရှေ ရပ်တန့်ခဲ့လိုက်ပါက အရေးကြီးသော မေးခွန်းများကို ဖြေဆိုရာမရောက်ဘဲ ရှိနေခဲ့လိမ့်မည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣသရေလနှင့် ယုဒတို့ ကြုံတွေ့ခဲ့ရသော ဆင်းရဲဒုက္ခတို့သည် အနာဂတ်၌ သူ့လူမျိုးတော်ကို ဘုရားသခင် ကောင်းချီးပေးတော့မည် မဟုတ်ဟု ဆိုလိုရာ ရောက်ပါသလား။ ဘုရားသခင့်လူတို့သည် အစဉ်အမြဲ ဆုံးရှုံးဖို့ ဖြစ်ခဲ့ပါသလား။ အဆိုပါ မေးခွန်းမျိုးတို့ကို ဖြေဆိုရန် သူ့စာစောင်၏ တတိယပိုင်းကို ဟောရှေ ရေးခဲ့သည်။ ဤနေရာတွင် ဟေဇကိမင်းလက်ထက် ယုဒခေါင်းဆောင်များသို့ အနာဂတ် ဘုရားသခင့် ကောင်းချီးများ အတွက် အဘယ်ကြောင့် မျှော်လင့်ချက်ထားဖို့ လိုအပ်ဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဟောရှေ စာစောင် တတိယပိုင်းသည် အခက်ခဲအရှုပ်ထွေးဆုံး အပိုင်းဖြစ်သည်။ အကြောင်းမှာ ပရောဖက်ပြုချက် အမျိုးအပြားနှင့်တကွ ပရောဖက်ပြုချက် အတိုအထွာများကိုပင်လျှင် အတူတူ စုပေါင်းထား၍ ဖြစ်သည်။ သို့သော် ယေဘူယျဆိုရလျှင် ၎င်းအား အဓိကကျသော အပိုင်း ငါးပိုင်း အဖြစ် စိတ်ချလက်ချ ပိုင်းခြားနိုင်သည်။ တစ်ခုချင်းစီအား ဣသရေလအပေါ် ဘုရားသခင် နှိုင်းယှဉ် ဖော်ပြချက်တစ်ခုဖြင့် နိဒါန်းချီထားသည်။

ဘုရားသခင်သည် ဣသရေလအား ၉း၁၀-၁၂ ၌ အသီးဖြင့်၎င်း၊ ၉း၁၃-၁၇ ၌ စိုက်ပျိုးထားသည့် အပင်ဖြင့်၎င်း၊ ၁၀း၁-၁၀ ၌ အသီးများစွာသီးသော အပင်ဖြင့်၎င်း၊ ၁၀း၁၁-၁၅ ၌ ယဉ်သော နွားမပျိုဖြင့်၎င်း၊ ၁၁း၁-၁၄း၈ ၌ ချစ်သောသားဖြင့်၎င်း နှိုင်းယှဉ်ပြထားသည်။ အဆိုပါ ကဏ္ဍများက ယင်း နှိုင်းယှဉ်ဖော်ပြချက်များကို နည်းမျိုးစုံသုံးပြီး အကျယ်ချဲ့ပေးကြသည်။ ထို့ကြောင့် အဆိုပါ အကျယ် ဖွင့်ဆိုချက်များကို ကျွန်ုပ်တို့ နောက်သင်ခန်းစာထဲတွင် လေ့လာကြမည် ဖြစ်သည်။ ဤ နိဒါန်း သင်ခန်းစာထဲတွင်မူ မျှော်လင့်ခြင်းအကြောင်း ရိုးရှင်းစွာ ဖော်ပြထားချက်သည် ကဏ္ဍတိုင်း၏ အစတွင် ပါရှိကြောင်း ညွှန်ပြနိုင်ရုံမျှသာ အချိန်ရပါသည်။

ဟောရှေ စာစောင် ၏ ဤအပိုင်းကို ကျွန်ုပ်တို့ လေ့လာသည်နှင့်အမျှ အဆိုပါ ကဏ္ဍတစ်ခုချင်းစီကို ဟောရှေ လက်ခံရရှိချိန်အား ဖြစ်နိုင်သလောက် ဖော်ထုတ်သတ်မှတ်ဖို့ အရေးကြီးပါသည်။ အချို့သော သမိုင်းကြောင်းဆိုင်ရာ အဆက်အစပ်များမှာ အခြားအရာများထက် ပိုမို ဖော်ထုတ်လွယ်ကြသည်။ သို့သော် ခြုံ၍ ဆိုရလျှင် သူ့စာစောင် ဒုတိယပိုင်းထဲ လွှမ်းခြုံကာမိထားသည့် သမိုင်းကြောင်းကာလများကို ဟောရှေက ပြန်လည် ဇစ်မြစ်လိုက်ထားသည်။ ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သလို ဟောရှေသည် ဒုတိယပိုင်းအား ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်ချိန်နှင့် ဘီစီ ၇၂၂ အာရှုရိ ကျူးကျော်ချိန် အတွင်း ဘုရားသခင့် တရားစီရင်ချက်များအပေါ် အလေးပေးထားစေသည်။ သို့သော် ကျွန်ုပ်တို့ စာစောင် တတိယပိုင်းထဲတွင်မူ ဤအပိုင်းသည် တရားစီရင်ချက်အပေါ် စူးစိုက်ရမည့်အစား တူညီသော အချိန်ကာလ အကန့်တစ်ခုအတွင်း ဘုရားသခင့် နှုတ်ကပတ်တော် မျှော်လင့်ချက် စကားများကို ကိုယ်စားပြုသည်။

ပထမဆုံး ၉း၁၀-၁၂ အတွင်း ဘုရားသခင်က ဣသရေလအား အသီးနှင့် နှိုင်းယှဉ်ထားမှုဆီ လှည့်ခြင်းဖြင့် ဤအချက် မှန်ကြောင်း ကြည့်ကြပါစို့။

## အသီး (၉း၁၀-၁၂)

ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်မှုအကြောင်း အခြားသော အစောပိုင်း ပရောဖက်ပြုချက်များနှင့် အတူတွဲပြီး ဤပထမကဏ္ဍကို ဟောရှေသို့ ဖွင့်ပြခြင်းသည် ဖြစ်နိုင်ခြေ အများဆုံး ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤသမိုင်းနောက်ခံအတွက် အကောင်းဆုံး အထောက်အထားကို ၉း၁၁ တွင် တွေ့ရသည်။ ဧဖရိမ်ဘုန်းတော်ကို ပျံ့သွားစေမည်ကို ကြည့်ပါ။ ဤအခါ ဣသရေလ တိုင်းနိုင်ငံ ရှင်ဘုရင်တို့သည် ဘုရားသခင့်ထံတော်မှ ထွက်သွားခဲ့ကြသည်ဖြစ်၍ "ဧဖရိမ်၏ ဘုန်း" သို့မဟုတ် အရှိအတိုင်းဆိုပါက "သူတို့ ၏ ဘုန်း" ဟောဖြလို *"ကဲဗိုဒမ်မ်"* (**כְּבוֹדָם**) သည် "ငှက်ကဲ့သို့ ပျံသွားလိမ့်မည်" ဟု ကျွန်ုပ်တို့ ဖတ်ရသည်။ ဘုရားသခင်သည် ဣသရေလ၏ ဘုန်းကို ဖယ်ရှားတော့မည် ဖြစ်သည်။ ဤအကြောင်းနှင့် စပ်လျဉ်းပြီး ဟောရှေ စာစောင်ထဲ ဘုရားသခင်၏ အခြား တစ်ခုတည်းသော ကြိုတင် မိန့်ဆိုချိန်မှာ ၄း၁-၁၉ ရှိ ဘုရားသခင်၏ အစောပိုင်း တရားတွေ့မှု၌ ဖြစ်သည်။ ၎င်းသည် ဘီစီ ၇၃၂ ကျူးကျော်မှုအကြောင်း ဟောရှေ၏ အစောပိုင်း ပရောဖက်ပြုချက်များနှင့် တွဲဖက်နေသည်။ ၄း၇ တွင် "သူတို့၏ ဘုန်းကို ငါအရှက်ကွဲစေမည်" ဟု ထာဝရဘုရား မိန့်တော်မူခဲ့သည်။ ဤချိတ်ဆက်မှုက သူ့စာစောင် ဒုတိယပိုင်းကို ဟောရှေ အစပြုစဉ်မှာပင် တတိယပိုင်းကိုပါ ၇၃၂ ဘီစီ အာရှုရိကျူးကျော်မှုအကြောင်း အစောပိုင်း ပရောဖက်ပြုချက် တစ်ခုဖြင့် သူ အစပြုခဲ့ကြောင်း အခိုင်အမာ အကြံပြုနေသည်။

အဆိုပါ အခန်းငယ်များသည် ယုဒပြည်ကို ရည်ညွှန်းဖော်ပြခြင်း မရှိပေ။ ထိုအချက်က ဤနောက်ခံ အခင်းအကျင်းကို အတည်ပြုပေးသည်။ သင် ပြန်အမှတ်ရမည် ဖြစ်သလို သြဇိမင်းနှင့် ယောသံမင်းတို့သည် ဖြောင့်မတ်သော ဘုရင်များအဖြစ် အုပ်စိုးခဲ့ကြပြီး ထိုအတောအတွင်း ယုဒပြည်အပေါ် ဘုရားသခင်က မည်သည့်ကျိန်ခြင်းကိုမျှ မြွက်ဆိုခြင်း မရှိခဲ့ပေ။ ဤ သမိုင်းနောက်ခံ နိဒါန်းကို ထည့်သွင်းစဉ်းစားလျက် ၉း၁၀ ၌ ဘုရားသခင် မည်သို့ မိန့်တော်မူသည်ကို နားထောင်ကြည့်ပါ။

> တော၌ စပျစ်သီးကဲ့သို့ ဣသရေလ အမျိုးကို ငါတွေ့၏။ သီးစသော သင်္ဘောသဖန်းပင်၌ အဦးဆုံး မှည့်သော သင်္ဘောသဖန်းသီးကဲ့သို့ သင်တို့ ဘိုးဘေးများကို ငါမြင်၏။ သို့သော် သူတို့သည် ကိုယ်အလိုအလျောက် ဗာလပေဂုရ ဘုရားထံသို့ သွား၍ ထိုရှက်ဖွယ်သော အရာဖို့ ကိုယ်ကို အပ်နှံသဖြင့် တပ်မက်သည်အတိုင်း စက်ဆုပ်ရွံရှာဖွယ်သော အမှုတို့ကို ပြုကြ၏ (၉း၁၀)။

ဤကျမ်းချက်ထဲ၌ ဣသရေလ ၏ အပြစ်များအကြောင်း ဘုရားသခင်က ရှင်းလင်းစွာ ပြောပြထားသည်။ သို့သော် ဘုရားသခင်သည် ဣသရေလအား အသီး၊ သင်္ဘောသဖန်းသီးတို့နှင့် အပြုသဘော စတင် ခိုင်းနှိုင်းကြောင်း ဂရုပြုမိဖို့ အရေးကြီးပါသည်။ ထို့ကြောင့် ၇၃၂ ဘီစီတွင် ဣသရေလကို တရားစီရင်ရန် ဘုရားသခင် စိတ်ဆုံးဖြတ်ပြီးသည့်တိုင် ချိုသောအသီးများကို လူတို့ အမှတ်ရတတ်သကဲ့သို့ ကိုယ်တော်သည်လည်း ဣသရေလအား နှစ်ခြိုက်တမ်းတဆဲ ဖြစ်ခဲ့သည်။ ထို့အပြင် ဘုရားသခင်၏ အပြုသဘော အမှတ်တရ ရှိမှုက အနာဂတ်တွင် ဘုရားသခင့်ကောင်းချီးများကို ဘုရားသခင့်လူတို့ ပြန်ခံစားနိုင်ရန် မျှော်လင့်နိုင်သေးကြောင်း သူတို့အဖို့ စိတ်ချမှု ရှိစေသည်။

ဒုတိယ ကဏ္ဍ ဖြစ်သော ၉း၁၃-၁၇ သည် စိုက်ပျိုးသော အပင်အနေနှင့် ဣသရေလ အပေါ် စူးစိုက်ထားပြီး အလားတူ ပုံစံကို လိုက်နာသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## စိုက်ပျိုးသော အပင် (၉း၁၃-၁၇)

ဤဗျာဒိတ်ကို ဟောရှေ ပထမဆုံး ရရှိချိန်သည် မည်သည့်အချိန် ဖြစ်ကြောင်း ကျွန်ုပ်တို့ မသေချာပါ။ သို့သော် ယေဘူယျ ဆိုရလျှင် ဧဖရိမ်လကို ဟောရှေ ပုံဖော်ချက်သည် ၇၃၂ ဘီစီ အာရှုရိ ကျူးကျော်မှုအကြောင်း ပရောဖက်ပြုချက်များကို ဟောရှေ လက်ခံရရှိချိန်က အခြေအနေများနှင့် အံဝင်ခွင်ကျနေသည်။ ဤကျမ်းချက်ထဲ ယုဒပြည်အကြောင်း ဖော်ပြခြင်းမရှိ ဆိုသည့်အချက်က ဤသမိုင်းကြောင်း မိတ်ဆက်အား ထောက်ခံသည်။ ထို့ကြောင့် ၎င်းသည် အာခတ်မင်းက ယုဒပြည်အား ဘုရားသခင့်အထံတော်မှ မလွဲစေမီကာလ ဟောရှေထံ ရောက်လာခဲ့ခြင်းသည် ဖြစ်နိုင်ခြေ အများဆုံး ဖြစ်သည်။ ၉း၁၃ ထဲက ဤကဏ္ဍ၏ အဖွင့်ပိုင်းကို နားထောင်ကြည့်ပါ။

> ဧဖရိမ်သည် စားကျက်မြေ၌ ပေါက်သောအပင်ကဲ့သို့ ငြိမ်ဝပ်ရာ အရပ်၌ တည်ဟန် ရှိသော်လည်း မိမိသားသမီးတို့ကို သူသတ်လက်သို့ အပ်ရလိမ့်မည် (ဟောရှေ ၉း၁၃)။

ဤနေရာတွင် ဘုရားသခင်သည် ဧဖရိမ်လတို့အား ၎င်းတို့ အာရှုရိ ကျူးကျော်သူများကို စစ်ပြိုင်ရန် ထွက်သွားသည့်အခါ ၎င်းတို့ သားသမီးများ သတ်ဖြတ်ခံရကြလိမ့်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့သော် ဤ တရားစီရင်ချက်သည် ဆိုးရွားပြင်းထန်သလောက် ဤကျမ်းချက် ပထမတစ်ဝက်ထဲတွင် ဘုရားသခင်သည် ဧဖရိမ်လအား "စားကျက်မြေ၌ ပေါက်သောအပင်" အဖြစ် တန်ဖိုးထားကြောင်း ဘုရားသခင် သတိတရ ရှိခဲ့သည်။ ဘုရားသခင်က သူတို့အား နှစ်သက်သတိရခြင်းသည် အနာဂတ်တွင် ဧဖရိမ်လအတွက် ဘုရားသခင့်ကောင်းချီးခံစားရန် မျှော်လင့်ချက် ရှိနေသေးကြောင်း ဖော်ပြသည်။

ဧဖရိမ်လအား စိုက်ပျိုးသော အပင်အဖြစ် စူးစိုက်ပြီးနောက် ဧဖရိမ်လ နိုင်ငံတော်အား အသီးများစွာသီးသော စပျစ်ပင်နှင့် ၁၀း၁-၁၀ အတွင်း ဟောရှေ နှိုင်းယှဉ်ခဲ့ပြန်သည်။

## အသီးများစွာ သီးသော စပျစ်ပင် (၁၀း၁-၁၀)

အဖြစ်နိုင်ဆုံးဆိုရလျှင် ၇၃၂ ဘီစီ အာရှုရိ ကျူးကျော်မှုအကြောင်း ပရောဖက်ပြုချက်များကို ဟောရှေ လက်ခံရရှိချိန်တွင် ဤကဏ္ဍ အစပြုခဲ့သည်။ ဧဖရိမ်လတို့ ဝတ်ပြုရာ ဗိမ္မာန်များ၏ ဘုန်းအသရေသည် ၅း၁၃ တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် ရှင်ဘုရင်ကိုပင် ပြန်ရည်ညွှန်းသည့် "ကြီးမြတ်သော ရှင်ဘုရင်ထံ ဆက်သသည့်အခွန်" အဖြစ် သိမ်းသွားခြင်းကို ခံရလိမ့်မည်ဖြစ်ကြောင်း ဟောရှေ ၁၀း၆ က ခြိမ်းခြောက်ထားသည်။ ဤ "ကြီးမြတ်သော ရှင်ဘုရင်" သည် တိကလတ်ပိလေသာ ၃ ဖြစ်ပြီး ၇၃၂ ဘီစီတွင် ကျူးကျော်ဖျက်ဆီးမှုကို ဦးဆောင်သူ ဖြစ်သည်။ သို့သော် ယုဒသည် ဤကဏ္ဍထဲတွင် ဖော်ပြခံရခြင်း မရှိကြောင်း ဂရုပြုမိရန် အရေးကြီးပါသည်။ ထို့ကြောင့် အာခတ်သည် ယုဒပြည်အား ခြစားပျက်ဆီးမှုထဲသို့ ခေါ်သွင်းခြင်း မပြုသေးကြောင်း ၎င်းက ညွှန်ပြသည်။ ထိုအရ ၁၀း၁ တွင် ဘုရားသခင် မည်သို့ဆိုသည်ကို နားထောင်ကြည့်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဧဖရိမ်သည် အသီးများစွာသီးသော စပျစ်နွယ်ပင် ဖြစ်၏။ .... အသီးတိုးပွားသည့်အတိုင်း အမျိုးသားတို့သည် ယဇ်ပလ္လင်တို့ကို များပြားစေကြ၏ (ဟောရှေ ၁၀း၁)။

ဤနေရာတွင် ဟောရှေ ပရောဖက်ပြုချက်သည် တဖန်ပြန်၍ ဧဖရိမ်အပေါ် တရားစီရင်ချက်အပေါ် စူးစိုက်ထားသည်။ အကြောင်းမှာ သူတို့ ပွားများလေလေ၊ "ယဇ်ပလ္လင်များကို (သူတို့) ဆောက်လေလေ" ဖြစ်သောကြောင့်ပင်။ ဧဖရိမ်သည် အခြားဘုရားများသို့ ပူဇော်သော ယဇ်ပလ္လင်များဖြင့် သူတို့မျိုးနွယ်များ၏ ပိုင်နက်နယ်မြေကို ပြည့်စေခဲ့ကြသည်။ ထို့ကြောင့် ဤပုန်ကန်မှုအတွက် ဘုရားသခင့် စီရင်တော်မူချက်ကို သူတို့ ခံစားကြရမည် ဖြစ်သည်။ သို့သော် ဘုရားသခင် တရားစီရင်မည် ဆိုသည့် ခြိမ်းခြောက်မှုအား ဧဖရိမ်ကို နှစ်သက်ဖွယ်ရာ အသီးများစွာသီးသော စပျစ်နွယ်ပင်အဖြစ် ဘုရားသခင် သတိရ အောက်မေ့ခဲ့သည် ဆိုသည့်အချက်ဖြင့် ယခင်ပုံစံအတိုင်း ဟောရှေ နိဒါန်းပျိုးခဲ့သည်။ ဤ နှိုင်းယှဉ်မှုက အနာဂတ်တွင် ဧဖရိမ်သည် ဘုရားသခင့် အထံတော်မှ ကောင်းချီးခံစားရမည်ဖြစ်ကြောင်း မျှော်လင့်ချက် ပေးခဲ့သည်။

ဧဖရိမ်ကို အသီးများစွာသီးသော စပျစ်နွယ်ပင်နှင့် နှိုင်းယှဉ် သာဓကပြုပြီးသည့်နောက် ၁၀း၁၁-၁၅ အတွင်း ဧဖရိမ် တိုင်းနိုင်ငံတော်အား ယဉ်သော နွားမပျိုနှင့် ဘုရားသခင် နှိုင်းယှဉ်ခဲ့ကြောင်း ဟောရှေ ရေးခဲ့သည်။

## ယဉ်သော နွားမပျို (၁၀း၁၁-၁၅)

ဤကဏ္ဍသည် ၇၂၂ ဘီစီ အာရှုရိ ကျူးကျော်မှုအကြောင်း အစောပိုင်းကာလ ပရောဖက် ပြုချက်များကို ဟောရှေ လက်ခံရရှိချိန်၌ အစပြုခဲ့ဖွယ် ရှိသည်။ ကျွန်ုပ်တို့ တွေ့ပြီးဖြစ်သလို ဤအချိန်အတွင်း ဟောရှေမင်းသည် ဧဖရိမ်နိုင်ငံအား ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့ထဲ ခေါ်သွင်းခဲ့သည်။ ထို့ကြောင့် စောစီးစွာကပင် သူ့ လုံခြုံဘေးကင်းမှုအတွက် ဘုရားသခင်အစား အာရှုရိလူတို့နှင့်တကွ ၎င်းတို့ဘုရားများနှင့် ဖွဲ့သော မိတ်သဟာယ အပေါ်မှာသာ သူကိုးစားခဲ့သည်။ ဤအကြောင်းကြောင့် ဧဖရိမ် အပေါ် ကျိန်ခြင်းများ ရောက်လာတော့မည် ဖြစ်ကြောင်း ဘုရားသခင် သတိပေးခဲ့သည်။

ဤကဏ္ဍ သမိုင်းနောက်ခံအတွက် အထူးခြားဆုံး သက်သေမှာ ၎င်းသည် ယုဒပြည်၏ ဒုစရိုက်တို့ကို ဖော်ပြသည့်အချက် ဖြစ်သည်။ ကျွန်ုပ်တို့သိကြသလို ယုဒဘုရင် အာခတ်သည် ယုဒပြည် တစ်လျှောက် ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့ကို အားပေးအားမြှောက်ပြုခဲ့ပြီး ဖြစ်သည်။ ဘုရားသခင်ထံမှ မဟုတ်ဘဲ အာရှုရိနှင့် ဖွဲ့သော မဟာမိတ်ထံမှ အကူအညီကို ရှာကြံရာ၌လည်း ဇွတ်ကြိုးစားနေခဲ့သည်။ ထို့ကြောင့် ၁၀း၁၁ နှင့် ၁၂ တို့တွင် ယုဒအပေါ် ကျိန်ခြင်းများဖြင့် တိုတိုတုတ်တုတ် ခြိမ်းခြောက်ခဲ့ပြီး "ယုဒသည် "လယ်ကိုထွန်ပြီး ကိုယ်အဖို့ ဖြောင့်မတ်ခြင်း မျိုးစေ့ကို ကြဲ" ရန် ဘုရားသခင် ကြေညာခဲ့သည်။ ဤကဏ္ဍတစ်ခုလုံးသည် ၁၀း၁၁ တွင် ဤစကားလုံးများဖြင့် အစပြုသည်။

ဧဖရိမ်သည် ယဉ်၍ စပါးကို နင်းချင်သော နွားမပျို ဖြစ်သော်လည်း ငါသည် ထမ်းပိုးကို ထမ်းစေသဖြင့် ဧဖရိမ်သည် ကခြင်းကို ခံရလိမ့်မည်" (ဟောရှေ ၁၀း၁၁)။

ဤနေရာတွင် ဘုရားသခင်သည် ဧဖရိမ်ကို ထမ်းပိုးတင်မည့်အကြောင်း ခြိမ်းခြောက်ခဲ့ပြီး ၎င်းသည် အာရှုရိ အားဖြင့် ရောက်လာမည့် နှိပ်စက်မှု တရားစီရင်ချက်ကို တင်စားဖော်ပြသည်။ တရားစီရင်ချက် ရောက်လာတော့မည် ဖြစ်သည့်တိုင် ဘုရားသခင်သည် ဣသရေလအား "စပါးကိုနင်းချင်သော ယဉ်သည့် နွားမပျို" အဖြစ် အမှတ်တရ ရှိနေဆဲ ဖြစ်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၏ ဣသရေလအပေါ် အကောင်းမြင် အောက်မေ့သတိရမှုသည် အနာဂတ် မျှော်လင့်ချက်အတွက် အခြေခံအုတ်မြစ်ဖြစ်ခဲ့သည်။

ဤအရာက ဘုရားသခင့်ထံမှ မျှော်လင့်ခြင်းကို ဖွင့်ပြခြင်းနှင့် စပ်ဆိုင်သည့် ဤကဏ္ဍထဲမှ နောက်ဆုံး နှိုင်းယှဉ် သာဓကပြမှုဆီသို့ ကျွန်ုပ်တို့ကို ခေါ်လာသည်။ ၁၁း၁-၁၄း၈ အတွင်း ဘုရားသခင်သည် သူ့ လူမျိုးတော်အား ယဉ်သော နွားမပျိုထက် ပိုမိုတန်ဖိုးရှိသည့် အရာတစ်ခုနှင့် နှိုင်းယှဉ်ခဲ့သည်။ ၎င်းမှာ ချစ်ခင်စုံမက်သော ကလေးသူငယ် သို့မဟုတ် သား ဖြစ်သည်။

## ချစ်ခင်စုံမက်သော သား (၁၁း၁-၁၄း၈)

ဤရှည်လျားသော ကဏ္ဍသည် ၇၂၂ ဘီစီ၌ အာရှုရိတို့ ကျူးကျော် ဝင်ရောက်လာမည့်အကြောင်း သူ၏ ပရောဖက်ပြုချက်များကို ဟောရှေ ဆင့်ဆိုနေချိန် သူရရှိခဲ့သည့် ဗျာဒိတ်ဖွင့်ပြချက်များကို ကိုယ်စားပြုသည်။ ဤအချိန်တွင် ဟောရှေမင်းသည် ဣသရေလအား ရုပ်တုကိုးကွယ်မှုနှင့် မတရားမှုတို့အထဲ ဆက်လက် ဦးဆောင်ခေါ်သွင်းခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အဲဂုတ္တုနှင့် မိတ်သဟာယဖွဲ့ခြင်းကို မိုက်မိုက်မဲမဲ ရှာကြံခြင်းဖြင့် အာရှုရိ ထမ်းပိုးကို ချိုးဖို့ သူ ကြိုးစားခဲ့သည်။ ဘုရားသခင်သည် ၁၁း၅ တွင် ဤမဟာမိတ်အဖွဲ့အကြောင်းကို တိတိကျကျ ဆွေးနွေးထားပြီး "ဣသရေလသည် အဲဂုတ္တုသို့ ပြန်မသွားရတော့ကြောင်း၊ အာရှုရိသာလျှင် သူတို့၏ ရှင်ဘုရင်ဖြစ်လာမည် ဖြစ်ကြောင်း ဤကျမ်းချက်ထဲ သူ ပြောဆိုထားသည်။

ယုဒပြည်ကို ဆန့်ကျင်၍လည်း ဟောရှေ ပရောဖက်ပြုခဲ့သည် ဆိုသည့် ၁၁း၁၂ နှင့် ၁၂း၂-၆ အတွင်းရှိ အချက်က ဤ သမိုင်း အဆက်အစပ်ကိုအတည်ပြုပေးသည်။ ၁၂း၂ တွင် "ထာဝရ ဘုရားသည်လည်း ယုဒပြည်နှင့် တရားတွေ့မှု ရှိတော်မူ၏" ဟု ကျွန်ုပ်တို့ ဖတ်ရသည်။ ဟေဇကိမင်းသည် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နိုင်ခဲ့သော်လည်း သူသည် ဘုရားသခင်ထံ လှည့်လာရမည့်အစား သူ့ခွန်သူ့အား အပေါ်တွင်သာ ကိုးစားပြီး အဲဂုတ္တုနှင့်ဖွဲ့သော မိတ်သဟာယအပေါ်မှာသာ ရပ်တည်ခဲ့သည်။ ထို့ကြောင့် ယုဒပြည်သည် ဘီစီ ၇၀၁ တွင် သနာခရိပ်၏ ကျူးကျော်မှုအားဖြင့် ဘုရားသခင့် တရားစီရင်ခြင်းကို ခံစားခဲ့ရသည်။ ယခု ၁၁း၁-၂ တွင်ပါသော ဤကဏ္ဍ၏ အဖွင့်ပိုင်းကို နားထောင်ကြည့်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဣသရေလသည် အသက်ငယ်သောအခါ ငါသည် ချစ်၍ ငါ့သားကို အဲဂုတ္တုပြည်မှ ခေါ်ခဲ့ပြီ။ သူတို့ကို ခေါ်သောသူတို့ထံမှ ထွက်သွားကြ၏။ ဗာလဘုရားတို့အား ယဇ်ပူဇော်၍ ရုပ်တု ဆင်းတုတို့အား နံ့သာပေါင်းကို မီးရှို့ကြ၏ (ဟောရှေ ၁၁း၁-၂)။

အဆိုပါ အဖွင့် ကျမ်းချက်တို့က ဟောရှေ ရေးနေကျ ပုံစံကိုပင် တဖန် တင်ဆက်ထားပြန်သည်။ ဣသရေလသည် ဘုရားသခင်ကို ဆန့်ကျင်ပြစ်မှားခဲ့ပြီး ဖြစ်သည်။ မကြာခဏဆိုသလို ဘုရားသခင်က သူတို့အား ခေါ် ခဲ့သည်။ သို့သော် "သူတို့ ထွက်သွားခဲ့ကြ" ပြီး ဗာလဘုရားနှင့် ရုပ်တုတို့ကို ကိုးကွယ်ခဲ့ကြသည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် တရားစီရင်ခံကြရတော့မည် ဖြစ်သည်။ သို့သော် တရားစီရင်မည့်အကြောင်း ဘုရားသခင် မြွက်ဆိုခဲ့စေကာမူ ကိုယ်တော်သည် ဣသရေလအား သူ၏ ချစ်ခင်စုံမက်သော သားအနေဖြင့် ရှုမြင်ဆဲဖြစ်ကြောင်း အပိုဒ်ငယ် ၁ က ဖော်ပြသည်။ သူ့ချစ်သား ဣသရေလအပေါ် ကိုယ်တော်ထားသည့် မေတ္တာသည် ဣသရေလ အတွက် အနာဂတ် ကောင်းချီးများကို မျှော်လင့်နိုင်ရေး အုတ်မြစ်ပင် ဖြစ်သည်။

> ဟောရှေ ၁၁း၁ ကလည်း အဲဂုတ္တုမှ ဣသရေလကို မည်သို့ ခေါ်ထုတ်ခဲ့ကြောင်း ပြောပြထားသည်။ ဘုရားသခင်သည် မိမိကိုယ်ကို နှိမ့်ချကိုင်းညွတ်၍ သူတို့ကို ချစ်ခြင်းမေတ္တာ၌ ကျွေးမွေးပြုစုပြီး သူ့လူတို့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ သို့တစေ ကိုယ်တော်၏ အစေခံ ပရောဖက်များအားဖြင့် သူ့လူတို့ကို ကိုယ်တော် ခေါ်လေလေ၊ ကိုယ်တော့်ထံမှ သူတို့ ထွက်သွားလေ ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ကိုယ်တော်သည် သူတို့အား အဝေးသို့ မောင်းထုတ်တော့မည့်အကြောင်း၊ ဤတစ်ကြိမ်တွင်မူ အဲဂုတ္တုသို့ မဟုတ်တော့ဘဲ အာရှုရိသည် သူတို့၏ ဘုရင် ဖြစ်လာမည့်အကြောင်း ဘုရားသခင် ကြေညာရတော့သည်။ သို့သော်ငြားလည်း "ငါသည် ပြင်းစွာ အမျက်ထွက်သည့်အတိုင်း ဧဖရိမ်ကို မဖျက်ဆီးလို။ ငါသည်သူတို့ကို ခေါ်မည်။ ငါ့သားတို့သည်လည်း စာငှက်ကဲ့သို့ အဲဂုတ္တုပြည်မှငင်း၊ ချိုးကဲ့သို့ အာရှုရိပြည်မှငင်း တုန်လှုပ်လျက် ထွက်လာကြလိမ့်မည်။ ငါသည် သူတို့အား ဤပြည်သို့ တဖန်နေရာချမည်။ ငါသည်လည်း သူတို့ ၏ ဘုရား ဖြစ်မည်၊ သူတို့သည်လည်း ငါ၏ လူ ဖြစ်ကြလိမ့်မည်" ဟု ကြေညာပြီး မိမိလူတို့အပေါ်ထားသော မေတ္တာဖြင့် ဆို့နစ်နေသည့် ဘုရားသခင့် အသံတော်ဖြင့် ကျမ်းစာက ခရီးဆက်သည်။
>
> **Dr Craig S. Keener**

ယခုတွင် ကျွန်ုပ်တို့၏ အတိုချုပ် မိတ်ဆက်နိဒါန်းက ဖော်ပြသည်ထက် ဟောရှေ စာစောင် တတိယပိုင်းတွင် ပြောစရာ အများအပြား ရှိနေသည်။ ထို့ကြောင့် နောက်လာမည့် ကျွန်ုပ်တို့ သင်ခန်းစာထဲတွင် စာစောင်၏ ဤအပိုင်းကို ပိုမိုအသေးစိတ် လေ့လာကြပါမည်။ သို့တစေ

အကြောင်းအရာ၏ အချက်အချာ သွန်သင်ချက်ကို ဆုပ်ကိုင်မိဖို့ ကျွန်ုပ်တို့ လေ့လာခဲ့ပြီးသမျှသည် လုံလောက်ပါသည်။ ဣသရေလတို့ အာရှုရိလက်အောက် ကျရောက်၍ ပြည်သားအများစု ကျွန်ဘဝသို့ သိမ်းသွားခံရပြီးသည့်နောက်တွင် ယုဒနိုင်ငံ ခေါင်းဆောင်များသို့ ဉာဏ်ပညာအလိမ္မာကို ပေးရန် သူ့စာစောင်၏ ဤ နောက်ဆုံးပိုင်းကို ဟောရှေ ပြုစုခဲ့သည်။ သူ့စာစောင်၏ အဆိုပါ နောက်ဆုံး အခန်းများထဲ၌ ဘုရားသခင် ကတိထားပြီး ဖြစ်သည့် ယုဒပြည်အတွက် မျှော်လင့်ချက်ကို ခိုင်မာစေရန် သူ့ အမှုတော်ကာလ တစ်လျှောက် ပြုခဲ့သည့် ပရောဖက်ပြုချက်များထဲမှ ဟောရှေ ထုတ်ယူ ဆင်ခြင်ခဲ့သည်။ တရားစီရင်ချက်သည် ဣသရေလ၏ အဆုံးသတ်ဇာတ်လမ်း မဟုတ်ခဲ့ပါ။ အကြောင်းမှာ သူတို့အား အဘယ်မျှလောက် စုံမက်တော်မူခဲ့သည်ကို ဘုရားသခင် ဘယ်သောအခါမျှ မမေ့လျော့ခဲ့၍ ဖြစ်သည်။ ယုဒပြည် ခေါင်းဆောင်တို့သည် အသိအလိမ္မာ ရရှိကြပြီး ရောက်လာမည့် ကောင်းချီးဆိုင်ရာ မျှော်လင့်ချက်အားလည်း မြဲမြံစွာ ဆုပ်ကိုင်နိုင်ကြပေသည်။

# နိဂုံး

ဤ ဟောရှေကျမ်းစာစောင် မိတ်ဆက်ထဲတွင် ရေးသားချိန်၊ ရေးသားရာ ဌာန၊ ရေးသားစဉ် အခြေအနေ၊ ပရောဖက် အမှုတော်နှင့် စာစောင်၏ ရည်ရွယ်ချက်တို့အကြား ခွဲခြားသိမြင်ခြင်းဖြင့် ဟောရှေ စာစောင် နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ခဲ့ကြပြီး ဖြစ်သည်။ တရားစီရင်ခြင်းနှင့် မျှော်လင့်ခြင်းတို့ အပေါ်၌၎င်း၊ ဘုရားသခင့်ထံမှ လာသည့် တရားစီရင်ခြင်းနှင့် မျှော်လင့်ခြင်းတို့မှာ မည်သည်ကို ဆိုလိုကြောင်း ဖွင့်လှစ်ဖော်ပြခြင်းတို့အပေါ်၌၎င်း စူးစိုက်ခြင်းဖြင့် ပရောဖက်သည် သူ့စာစောင်ကို ကနဦး လက်ခံရရှိသူတို့အား အသိဉာဏ်အလိမ္မာကို မည်သို့ ပေးခဲ့ကြောင်း မှတ်သားဂရုပြုခြင်းဖြင့် ဟောရှေ စာစောင်၏ ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံအားလည်း ကျွန်ုပ်တို့ ခြုံငုံဆန်းစစ်ခဲ့ကြပြီး ဖြစ်ပါသည်။

ဣသရေလ နှင့် ယုဒတို့သည် သူတို့၏ သမိုင်းကြောင်း၌ အခက်ခဲဆုံး အခြေအနေတစ်ခု ဖြစ်သည့် အာရှုရိကျူးကျော်မှုအားဖြင့် တရားစီရင်ခံရမှု ပြဿနာကို ရင်ဆိုင်ရစဉ်အခါ အသိဉာဏ် အလိမ္မာကို သွန်သင်ပေးရန် ဟောရှေကျမ်းစာစောင်ကို ရေးခဲ့သည်။ ထို့ကြောင့် အနာဂတ်ကို ကျွန်ုပ်တို့ ကြည့်မျှော်သည်နှင့်အမျှ ကျွန်ုပ်တို့ ခေတ်ကာလအပါအဝင် ခေတ်ကာလတိုင်းရှိ ဘုရားလူတို့ လိုအပ်သည့် ထိုးထွင်းအမြင်များကို သူ့စာစောင်က ပေးအပ်ထားသည်။ ဟောရှေကာလ ဣသရေလ နှင့် ယုဒ တို့လိုပင် ခရစ်တော်၏ နောက်လိုက်တို့သည်လည်း ဤလောက၏ စုံစမ်းနှောင့်ယှက်ခြင်းများကို တွေ့ကြုံရစဉ်အခါ အသိဉာဏ်ပညာ အလိမ္မာ လိုက်စားရှာဖွေရေးအတွက် ဟောရှေ၏ တိုက်တွန်း ဖိတ်ခေါ်ချက်ကို နာခံကြရမည် ဖြစ်သည်။ သူ့စာစောင်အရ ကျွန်ုပ်တို့ မည်သည့် ပြဿနာကို ကြုံရသည်ဖြစ်စေ၊ အရာရာ ဆုံးရှုံးသွားသည့်ပုံရနေလျှင်ပင် ခရစ်တော်၌ ကျွန်ုပ်တို့ ရရှိသည့် အနာဂတ်ဆိုင်ရာ မျှော်လင့်ချက်ကို မြဲမြံစွာ ဆုပ်ကိုင်ထားနိုင်ကြောင်း ကျွန်ုပ်တို့ သိနားလည်နိုင်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ပြင် တစ်နေ့သောအခါ ဘုန်းတော်၌ ခရစ်တော် ပြန်ကြွလာချိန်တွင် ဘုရားသခင်သည် သူ့လူများအပေါ် အတိုင်းအဆမဲ့သော ကောင်းချီးများကို သွန်းလောင်းချပေးလိမ့်မည် ဖြစ်ကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ကြပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။